ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်၊ ဗုဒ္ဓဟူးနေ့ (22-2-2012) (၇၀၄၃)


## ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# ပြည်သူ့လွှတ်တော်အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပ

## နိုင်ငံခြားသုံးငွေဆိုင်ရာ ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြု

နေပြည်တော်    ဖေဖော်ဝါရီ    ၂၁

**ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေး သတ္တမနေ့ကို နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၅၃)ဦးတို့ တက်ရောက်ကြပြီး အစည်းအဝေး၌ မေးခွန်း (၇)ခုမေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်း(၁)ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။**

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော်နာယကထံသို့ပေးပို့မည့် သဝဏ်လွှာအား လွှတ်တော်သို့ အသိပေးတင်ပြသည်။

**မေးခွန်းများ မေးမြန်းခြင်းကဏ္ဍ၌** အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး၏ **ကျေးရွာများမှ အမှီပြုနေသော ချောင်းများတွင် ရွှေသတ္တု ကျောက်မျက်တူးဖော်မှုကြောင့် (၁၂)လရာသီပတ်လုံး ရေနောက်ကျိပျက်စီး၍ ကျေးရွာပြည်သူများ ဒုက္ခခံစားနေရသည့်အတွက် ဖြေရှင်းဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် မိုးညှင်းရတနာနယ်မြေရှိ လေးတန်ချောင်းတစ်လျှောက်တွင် ကုမ္ပဏီ(၅)ခုကို ကျောက်စိမ်းတူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ထုတ်ပေးထားပါကြောင်း၊ ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်နေမှုအပေါ် စစ်ဆေးကြပ်မတ်လုပ်ဆောင်လျက်ရှိပါကြောင်း။ **စာမျက်နှာ ၃ ကော်လံ ၁ သို့◆**

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။**

(သတင်းစဉ်)

# ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကျင်းပ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် စပ်လျဉ်း၍ အစီရင်ခံစာဖတ်ကြားရှင်းလင်း

နေပြည်တော်    ဖေဖော်ဝါရီ    ၂၁

**ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၀၁)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းဆွေ၏ စာအုပ်(၇၅)အုပ် လှူဒါန်းခြင်းအတွက် အမျိုးသားလွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

တနင်္သာရီတိုင်းဒေသကြီးမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက အမျိုးသားလွှတ်တော်စာကြည့်တိုက်အတွက် အလှူငွေလှူဒါန်းခြင်းကို အမျိုးသားလွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ် (၆)ဦးတို့က နယ်စပ်ရေးရာကဏ္ဍဆိုင်ရာမေးခွန်းများကို မေးမြန်းကြရာ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက ပြန်လည်ဖြေကြားသည်။

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဌေးနိုင်၏ **"အိမ်မဲမြို့နယ် ညောင်ပိုင်းကြီးကျေးရွာ၊ တံခွန်တိုင်ကျေးရွာနှင့် မြောင်းမြမြို့နယ်၊ ကန်ကြီးကျေးရွာ ဆက်သွယ်ရေးမြေသားလမ်းအား ကျောက်ချောလမ်းခင်းပေးရန်နှင့်"** စာမျက်နှာ ၄ ကော်လံ ၁ သို့☆

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။**

(သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့် ၂၂-၂-၂၀၁၂[ဗုဒ္ဓဟူးနေ့]။

# အတ္တ-ပရမှုတစီးပွား

ယနေ့ကာလသည် အခြေခံပညာကျောင်းသား ကျောင်းသူများအတွက် စာမေးပွဲဖြေဆိုရန် အားသွန်ခွန်စိုက် ကြိုးစားနေကြသောအချိန်ဖြစ်သည်။

ကျောင်းသားများက စာမေးပွဲကြီးကို ဖြေဆိုရန် အားယူပြင်ဆင်လျက်ရှိသလို မိဘများကလည်း မိမိတို့၏သားသမီးများ စာမေးပွဲကောင်းမွန်စွာ ဖြေဆိုနိုင်ရန် အနီးကပ် ဂရုစိုက်ပံ့ပိုး မြေတောင်မြှောက်ပေးလျက်ရှိသည်။ ရည်ရွယ်ချက်ကြီးမားသော ကျောင်းသားများနှင့် ကျောင်းသားမိဘများက ကလေးများ၏ ပညာရေးကိုသာမက ကျန်းမာရေး၊ လူမှုရေးများကို အမှားမခံဘဲ ဂရုတစိုက် မျက်လုံးဒေါက်ထောက်စောင့်ကြည့်လျက်ရှိသည်။

စာမေးပွဲအောင်မြင်စွာကျင်းပဖြေဆိုနိုင်ရန် ပံ့ပိုးကူညီသည့်အနေဖြင့် သက်ဆိုင်ရာ ရပ်ကွက်အာဏာပိုင်များကလည်း ယခုအချိန်သည် စာမေးပွဲရာသီဖြစ်၍ မိမိတို့၏နေအိမ်၊ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်များတွင် တီဗွီ၊ ဗီဒီယို၊ ကာရာအိုကေစက်များကို ကျယ်လောင်စွာဖွင့်ခြင်း၊ သီဆိုခြင်း မပြုလုပ်ရန် ရပ်ကွက်အတွင်း လှည့်လည်သတိပေးကြေညာနေသည်ကို ကြားသိနေရသည်။

သို့သော် စာမေးပွဲရာသီတွင် ကျောင်းသားများ၊ မိဘများကို စိတ်အနှောင့်အယှက်ပေးနေသည့်ကိစ္စတစ်ခု ရှိနေပါသေးသည်။ ယင်းမှာ လျှပ်စစ်မီးပျက်ခြင်းဟု ယခင်ကဆိုပါသည်။ လျှပ်စစ်မီးလည်း ယခင်လိုမပျက်တော့ဘဲ ပုံမှန်လာလျက်ရှိနေသည်။ အနှောင့်အယှက်ပေးနေသည့်ကိစ္စမှာ တီဗွီဂိမ်းဆိုင်၊ ကွန်ပျူတာဂိမ်းဆိုင်များပင် ဖြစ်တော့သည်။

ယနေ့ တီဗွီဂိမ်းဆိုင်များ၊ ကွန်ပျူတာဂိမ်းဆိုင်များ၏ စီးပွားရေးပစ်မှတ်သည် ကျောင်းသားလူငယ်များပင်ဖြစ်သည်။ ယင်းဂိမ်းဆိုင်များကြောင့် ကျောင်းသားလူငယ်များသည် ကျောင်းဖျက်၍လည်းကောင်း၊ ကျူရှင်ဖျက်၍လည်းကောင်း ဂိမ်းဆိုင်၊ ကွန်ပျူတာဂိမ်းဆိုင်များသို့ ရောက်ရှိကုန်ကြသည်။ ယင်းဆိုင်များတွင် အချိန်ဖြုန်းငွေကုန်ကြသည်။

တီဗွီဂိမ်းဆိုင်၊ ကွန်ပျူတာဂိမ်းဆိုင်များ၏ ကျေးဇူးကြောင့် ကျောင်းမပြေးတတ်သောကလေးငယ်မှာ ကျောင်းပြေးတတ်၊ ဂိမ်းဆိုင်တွင် အချိန်ဖြုန်းတတ်ပြီ။ အဆိုပါဂိမ်းဆိုင်များကြောင့် မိဘတို့က ကျောင်းသို့ပို့ရသော အလုပ်တစ်ခုလည်း ထပ်တိုးလာသည်။ စာမေးပွဲကြီးနီးကပ်နေသည့် စာမေးပွဲရာသီရောက်ရှိနေပြီဖြစ်သောကြောင့် မိဘဖြစ်သူတို့ကိုယ်တိုင် မိမိသားသမီး ပညာရေး၊ မိမိသားသမီး ဘဝရှေ့ရေးအတွက် ကြိုပို့တာဝန်ပါ ထမ်းဆောင်နေရသည်။

တီဗွီဂိမ်းဆိုင်၊ ကွန်ပျူတာဂိမ်းဆိုင်များကို အပြစ်မမြင်ပါ။ မိမိ၏ ဝမ်းစာ၊ စီးပွားရေးအတွက် လုပ်ကိုင်ရခြင်းဖြစ်ပါသည်။ သို့သော် သာသနိကအဆောက်အအုံနှင့် ကိုက် ၂၀၀ အကွာတွင် အရက်ဆိုင်၊ ဘီယာဆိုင်မရှိရဟု စည်းကမ်းချက်အား သက်ဆိုင်ရာဌာနမှ ထုတ်ပြန်ထားသကဲ့သို့ ကျောင်းနှင့် ပညာရေးအဆောက်အအုံနှင့် ကိုက်---အကွာတွင် ဂိမ်းဆိုင်များမရှိရ၊ ကျောင်းဝတ်စုံနှင့်ဆိုလျှင် ဂိမ်းဆိုင်များ၊ ဘီယာဆိုင်များအတွင်းသို့ ဝင်ရောက်ခွင့်မပြုရဟု စည်းကမ်းထုတ်ပြန်သင့်သည်ဟု ထင်ပါသည်။

ဂိမ်းဆိုင်ဖွင့်ထားသူများသည်လည်း စာမေးပွဲရာသီတွင် ကျောင်းသားလူငယ်များလာရောက်ကစားခြင်းကို ခွင့်မပြုရန်၊ ကျောင်းဝတ်စုံများဖြင့် လာရောက်ကစားသည့် ကျောင်းသားများအား ခွင့်မပြုဘဲ သက်ဆိုင်ရာကျောင်းသို့ ဆက်သွယ်ပို့ပေးရန်၊ အတ္တပရမှုတစ္စာဖြင့် စီးပွားရှာကြဖို့ အကြံပြုလိုပါသည်။

အမှန်တကယ်တွင် စာသင်ကျောင်းများသည် အနာဂတ်ပညာရေးပျိုးခင်းများ၊ လူ့စွမ်းအားအရင်းအမြစ် ပျိုးခင်းများဖြစ်သည်ဟုဆိုလျှင်လည်း မမှားနိုင်ပါ။ အနာဂတ်နိုင်ငံတော်ကြီး၏ တာဝန်များကို ပခုံးပြောင်းတာဝန်ယူမည့်သူများမှာ ယနေ့လူငယ်များ၊ ကျောင်းသားလူငယ်များပင်ဖြစ်သည်။ အနာဂတ်နိုင်ငံတော်အား တာဝန်ယူမည့် ယနေ့ကျောင်းသားလူငယ်များအား ပြုစုပျိုးထောင်ရာ ပညာရေးပျိုးခင်းကြီး မပျက်စီးစေရန်၊ လူ့စွမ်းအားအရင်းအမြစ်ပျိုးခင်းကြီး အဖျက်ပိုးများမကျစေရန် သတိရှိရှိဖြင့် ဝိုင်းဝန်းစောင့်ကြည့်ကြပါစို့ဟု ဆန္ဒပြုလိုက်ပါသည်။ ။

## စစ်ဆေးတွေ့ရှိသည့် စည်းမျဉ်းမကျမှုများနှင့် ဌာနတွင်းကြီးကြပ်ကွပ်ကဲမှုအားနည်းချက်များ အချိန်မီပြုပြင်ပေးခြင်းဖြင့် အဖွဲ့အစည်းနှင့် နိုင်ငံ၏အကျိုးစီးပွားကို ကြိုတင်ကာကွယ်ပေးနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

**ယနေ့ခေတ်စာရင်းစစ်ဆေးခြင်း၏ရည်ရွယ်ချက်မှာ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များသည် နိုင်ငံတော်နှင့်ပြည်သူအတွက် မည်သည့်အတိုင်းအတာပမာဏအထိ အကျိုးသက်ရောက်မှုရှိ၊ မရှိ စိစစ်သုံးသပ်နိုင်အောင် စစ်ဆေးခြင်းဖြစ်ကြောင်း။**

**ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး လက်ထောက်ညွှန်ကြားရေးမှူး/ခရိုင်စာရင်းစစ်အရာရှိများ မွမ်းမံသင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

လုပ်ငန်းအဖွဲ့အစည်းများသည် အဓိကအားဖြင့် ပြည်သူလူထု၏ အကျိုးစီးပွားတိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ချက်ဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး မိမိတို့၏တာဝန်မှာ ယင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ချမှတ်ထားသောမူဝါဒ လမ်းစဉ်နှင့် ရည်မှန်းချက်များမှ တိမ်းစောင်းမသွားစေရန် အပြုသဘောဖြင့် ကူညီထိန်းကျောင်းပေးရန်ဖြစ်ကြောင်း၊ အဖွဲ့အစည်းများ၏လုပ်ငန်းများ ပိုမိုထိရောက်သွက်လက်အောင်မြင်စေရန်အတွက် ကူညီပံ့ပိုးပေးရန်ဖြစ်ကြောင်းဖြင့် ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး လက်ထောက်ညွှန်ကြားရေးမှူး/ခရိုင်စာရင်းစစ်အရာရှိများ မွမ်းမံသင်တန်းဖွင့်ပွဲ၌ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင်က ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြောကြားရာ၌ စစ်ဆေးတွေ့ရှိသည့် စည်းမျဉ်းမကျမှုများနှင့် ဌာနတွင်း ကြီးကြပ်ကွပ်ကဲမှုအားနည်းချက်များကို အချိန်မီပြုပြင်ပေးခြင်းဖြင့် အဖွဲ့အစည်းနှင့် နိုင်ငံ၏အကျိုးစီးပွားကို ကြိုတင်ကာကွယ်ပေးနိုင်ကြောင်း။

ထို့ပြင် စစ်ဆေးသည့်ဌာနအဖွဲ့အစည်းများ၏ ဌာနတွင်းကြီးကြပ်ကွပ်ကဲမှုစနစ် (Internal Control System)နှင့် ဌာနတွင်းစစ်ဆေးမှု(Internal Audit)ကို ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အတတ်နိုင်ဆုံး အားပေးတိုက်တွန်း၍ အကြံဉာဏ်ကောင်းများပေးရန်လည်း အထူးလိုအပ်ကြောင်း၊ စွမ်းဆောင်ရည်မြင့်မားရာ မြင့်မားကြောင်း၊ လုပ်ငန်းအောင်မြင်ရာ အောင်မြင်ကြောင်းကို ရှေးရှုစစ်ဆေးရန် လိုအပ်ကြောင်း။

မိမိတို့၏ စစ်ဆေးရေးလုပ်ငန်းတွင် ရလဒ်ကောင်းဖြင့် ကောင်းမွန်သည့် စီမံအုပ်ချုပ်မှုစနစ်ဖြစ်ပေါ်စေခြင်း၊ နိုင်ငံ၏ တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနိုင်ခြင်း၊ ပြည်သူလူထုသို့ ရှင်းလင်းတင်ပြမှုနှင့် ပွင့်လင်းမြင်သာရှိမှုကို ဖြစ်ပေါ်စေခြင်း၊ ပိုမိုကောင်းမွန်သည့်အစိုးရဖြစ်ပေါ်စေခြင်း စသည့်အကျိုးကျေးဇူးများရရှိအောင် ကြိုးစားဆောင်ရွက်ရန် အထူးလိုအပ်ကြောင်း။

နိုင်ငံတော်နှင့် ပြည်သူများ၏အကျိုးအတွက် မိမိတို့၏အလုပ်ကို ကြိုးပမ်းလုပ်ကိုင်ကြရန်၊ နိုင်ငံတော်နှင့် အစိုးရအပေါ် သစ္စာစောင့်သိရန်၊ ဝန်ထမ်းကျင့်ဝတ်များ စောင့်ထိန်းကြရန်၊ ပြည်သူတို့အား ရိုးသားစွာနှင့် ထိရောက်စွာ အလုပ်ကျွေးပြုရန် လိုအပ်ကြောင်းဖြင့်လည်း ထည့်သွင်းပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ရွှေတိဂုံစေတီတော်နှစ်(၂၆၀၀)ပြည့် ခြင်းလုံးအလှူခတ်ပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ရွှေတိဂုံစေတီတော်နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကြီးတွင် မြန်မာ့ရိုးရာခြင်းလုံးအလှူခတ်ပွဲအား ဖေဖော်ဝါရီ ၂၂ ရက်မှ မတ် ၇ ရက်ထိ ၁၅ ရက်တိုင်တိုင် နေ့စဉ် ညနေ ၄ နာရီမှ ည ၁၁ နာရီထိ အသင်းပေါင်း ၂၂၅ သင်းမှ ခြင်းခတ်ကစားကြမည်ဖြစ်ရာ ယင်းနေ့ ညနေ ၃ နာရီ ရွှေတိဂုံအရှေ့မုခ် ခေတ္တရာကွင်းသို့ ပါဝင်ခတ်ကစားမည့် ခြင်းလုံးအသင်းများအားလုံး တက်ရောက်ရန် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ နှိုးဆော်ထားကြောင်း သိရသည်။ (မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်)

## ဒသမအကြိမ် ဆရာဝန်တင်ရွှေ စာပေဆုရစာအုပ်များ ကြေညာ

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၏ကူညီမှုဖြင့် စာရေးဆရာကြီး ဆရာဝန်တင်ရွှေ အထိမ်းအမှတ်စာပေဆုများကို ၂၀၀၁ ခုနှစ် ထုတ်စာအုပ်များမှစ၍ ရွေးချယ်ချီးမြှင့်ခဲ့ရာ ယခု ဒသမအကြိမ်အဖြစ် စာအုပ်လေးအုပ်ကို ဆုချီးမြှင့်မည်ဖြစ်သည်။ ဆရာဝန်တင်ရွှေသည် တင်ရွှေစာပေတိုက်ကို ထူထောင်ခဲ့ပြီး မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ဗဟိုအမှုဆောင်ကော်မတီဝင်တစ်ဦးအဖြစ် ဆောင်ရွက်ခဲ့သည်။

ဒသမအကြိမ် ဆရာဝန်တင်ရွှေ စာပေဆုချီးမြှင့်ခံရသည့် စာအုပ်များမှာ ပြန်ကြားရေးဝန်ကြီးဌာန စာပေစိစစ်ရေးနှင့် မှတ်ပုံတင်ဌာန၏ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံအတွင်းထုတ်ဝေသော ၂၀၁၀ ခုနှစ်အတွင်းထုတ် စာအုပ်များအနက်မှ ကြည်စိုးထွန်းရေးသားပြီး စာပေလောကစာအုပ်တိုက်မှထုတ်ဝေသည့် “တောကြောင်မောင်ကျောက်ခဲနှင့် အခြားစာစုများ” စာအုပ်၊ ပါမောက္ခသိန်း ရေးသားပြီး Myanmar Book Center မှထုတ်ဝေသည့် “ကြံ့ရ ဆုံရ ကျွန်တော့်နှစ်ဘဝ”စာအုပ်၊ ဒေါက်တာဝင်းဆွေရေးသားပြီး Family စာပေတိုက်မှ ထုတ်ဝေသည့် “ချစ်ဆိပ်ရည်သင့်သူများ” စာအုပ်နှင့် Hla Thein ရေးသားပြီး ထွန်းဖောင်ဒေးရှင်းမှ ထုတ်ဝေသည့် Myanmar and the Europeans စာအုပ်တို့ဖြစ်ကြသည်။

ယခုနှစ်တွင် ဆရာဝန်တင်ရွှေ စာပေဆုပေးပွဲအခမ်းအနားကျင်းပခြင်း (၁၀)နှစ်မြောက် အထိမ်းအမှတ်အဖြစ် ဆရာဝန်တင်ရွှေစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့က “စာပေဂုဏ်ဆောင်”ဆုအဖြစ် ကွယ်လွန်သူ စာရေးဆရာ ကဗျာဆရာကြီး ဆရာဇော်ဂျီအား အသက်(၁၀၅)နှစ်မြောက် အမှတ်တရ ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

ဒသမအကြိမ် ဆရာဝန်တင်ရွှေစာပေဆုပေးပွဲကို ၂၀၁၂ ခုနှစ် မတ် ၃ ရက် (စနေနေ့)တွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပမည်ဖြစ်ပြီး တင်ရွှေစာပေသို့ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များမှာ ၀၁-၅၃၆၄၄၄နှင့် ၀၉-၅၁၁၇၆၈၃ တို့ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၁ - ၂ -၂၀၁၂

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၇၂၉၈ | ၀. ၀၃၂၅၄ |
| တရုတ် (ယွမ်) | ၆. ၂၉၈၁၀ | ၀. ၁၅၈၇၈ |
| အိန္ဒိယ (ရူပီး) | ၄၉. ၃၂၂၁ | ၀. ၀၂၀၂၇ |
| မလေးရှား (ရင်းဂစ်) | ၃. ၀၂၁၀၁ | ၀. ၃၃၁၀၂ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၅၆၅၀ | ၀. ၇၉၅၈၆ |
| ဂျပန် (ယန်း) | ၇၉. ၆၈၈၇ | ၀. ၀၁၂၅၅ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၂၄. ၉၄ | ၀. ၀၀၀၈၉ |
| ယူရို | ၀. ၇၅၆၂၈ | ၁. ၃၂၂၄၃ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၃၃၄၁ | ၁. ၅၇၈၇၆ |

*အင်တာနက်။*

## မြဝတီရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၂-၂-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

၇း၁၀ တရားတော်
၈း၁၅ မြန်မာ့ရှုခင်း
၄း၃၀ ရှေးဟောင်းသုတ
၄း၄၅ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုသင်ခန်းစာ(ဓာတုဗေဒ)
၅း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၁၄၅)**
၆း၂၀ Mail Box
၆း၃၅ ကာတွန်းအစီအစဉ် -စူပါဟမ်းစတား(အပိုင်း-၂၆)
၇း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကွန်ဖူးဘုရင်ဘရုစ်လီ (အပိုင်း-၇)**
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း -ရယ်စရာပျော်စရာဟာသကဏ္ဍ ‘တို့တောရွာမှာလေ’ (မိုးခန်း၊ လှိုင်သဇင်၊ ဦးဝင်းနိုင်၊ ဗေလုဝနှင့် သရုပ်ဆောင်များ) [ဒါရိုက်တာ စိန်လင်း(ပုံရိပ်ရွှေမြေ)] -အိုင်စီတီသုတ **-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ‘အချစ်ကြီး. . . ချစ်’ (အပိုင်း-၁၈)** **-ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်**

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၂-၂-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၈း၂၅ ၂။ “ဖွံ့ဖြိုးမှုအညီရွှေဘိုနှင့် စစ်ကိုင်းစက်ရုံများဆီ”
၈း၄၀ ၃။ International News

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၃၀ ၂။ ၂၀၁၂ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (စိတ်ကြိုက်မြန်မာစာ)
၅း၄၅ ၃။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၆း၂၀ ၄။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၇း၀၅ ၅။ လက်တွေ့တင်ဆက် ကလေးတို့အိပ်မက်
၇း၅၀ ၆။ “ရိုးမကျော်လွှား ရဲနွယ်တံတား”
၇။ ပျော်ရွှင်ရင်ခုန်ပြကွက်စုံ
၈။ နိုင်ငံခြားဇာတ်လမ်းတွဲ “အချစ်ဆုံး”(အပိုင်း-၃၃)
၉။ မြန်မာဗီဒီယိုဇာတ်လမ်း “မျှော်လင့်ခြင်းအခြားတစ်ဖက်” (ပြေတီဦး၊ နန္ဒာလှိုင်၊ ရတနာခင်၊ခင်လေးနွယ်၊ ဝိုင်းစုခိုင်သိန်း) [ဒါရိုက်တာ-ကိုဇော် (အရုဏ်ဦး)]

## ◆ ပြည်သူ့လွှတ်တော်မှ

ချောင်းဆုံနေရာ၏တောင်ဘက် ပေ(၁၅၀၀)အတွင်းရှိ လုပ်ကွက်များ ကျောက်စိမ်းတူးဖော်လုပ်ကိုင်သည်မှာ ကျောက်ကြောအား ဘက်ဟိုးဖြင့်တူးဖော်ပြီး ရရှိသည့် ကျောက်ကြောမြေစာများကို ရေပန်းထိုး၍ ရေမှုန်စုပ်စက်ဖြင့် မျှောစင်တင်ဆေးကြောရှာဖွေပြီး မျှောစင်မှထွက်ရှိသော ရေနောက်များကို တမံပြုလုပ်အနည်ထိုင်စေကာ ၎င်းရေများကို မုံကျင်းအတွက် ထပ်မံသုံးစွဲတူးဖော်မှုပြုလုပ်ပါကြောင်း။

ရေနောက်များအနည်ကျစေမည့် တမံမှာကျိုးပေါက်ခြင်း၊ လျှံကျခြင်းဖြစ်နိုင်သော်လည်း မုံကျင်းနှင့် ရေစုကန်တွင် အနည်ထိုင်ပြီးဖြစ်သဖြင့် များစွာနောက်ကျိခြင်း မဖြစ်နိုင်ကြောင်းနှင့် ၎င်းလုပ်ကွက်များနှင့် လယ်မြေများမှာ လေးတန်ချောင်းအတိုင်း(၁၅)မိုင်ခန့်ကွာဝေးသဖြင့် လယ်မြေများတွင် ထိခိုက်ပျက်စီးမှုမရှိနိုင်သည်ကို မြေပြင်ကွင်းဆင်းစစ်ဆေးချက်အရ တွေ့ရှိရပါကြောင်း။

လေးတန်ချောင်းနှင့် ချောင်းလက်တက်များအနီး ကျောက်စိမ်းတူးဖော်ထုတ်လုပ်သည့် ကုမ္ပဏီများကိုတူးဖော်မှုကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး၊ လုပ်ငန်းခွင်တွင် နုန်းစစ်ကန်များစနစ်တကျပြုလုပ်၍ လေးတန်ချောင်းအတွင်းသို့ ရေကြည်များသာစီးဝင်စေရေး အလေးထားဆောင်ရွက်ရန် ရှင်းလင်းမှာကြားဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း။

သတ္တုတွင်းဝန်ကြီးဌာနအနေဖြင့် လုပ်ကွက်များတွင် လုပ်ငန်းဆောင်ရွက်နေသည့် ကျောက်မျက်တူးဖော်ရေး ကုမ္ပဏီ(၅)ခု၏ လုပ်ငန်းဆောင်ရွက်မှုကြောင့် ချောင်းရေညစ်ညမ်းမှုဖြစ်နေသည်ကို ဖော်ပြသတိပေးရန်၊ သတ်မှတ်စည်းမျဉ်းစည်းကမ်းအတိုင်း ဆောင်ရွက်ရန်၊ လိုက်နာလုပ်ဆောင်မှုမရှိပါက လုပ်ငန်းလုပ်ကိုင်ခွင့် ပိတ်သိမ်းမည်ဖြစ်ကြောင်း အကြောင်းကြားရန်နှင့် ကွင်းဆင်းစစ်ဆေးရန်ညွှန်ကြားချက် ထုတ်ပြန်ထားခဲ့ပါကြောင်း၊ သို့သော်လည်း နယ်မြေဒေသအခြေအနေများကြောင့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးနိုင်ခြင်း မရှိသေးပါကြောင်း၊ နယ်မြေဒေသအခြေအနေ ကောင်းမွန်သည်နှင့် ကွင်းဆင်းစစ်ဆေးကြပ်မတ်သွားမည်ဖြစ်ပါကြောင်း။

**မိုးညှင်းမြို့နယ်အတွင်း ရွှေသတ္တုတူးဖော်ရေးလုပ်ကွက်(၄)ကွက်သာ ချထားပေးခဲ့ရာ လေးတန်ချောင်းနှင့် အနီးဆုံးလုပ်ကွက်သည် မိုင်(၂၀)ခန့်ကွာဝေးပြီး အဝေးဆုံးလုပ်ကွက်သည် မိုင်(၅၀)ခန့်ကွာဝေးပါကြောင်း၊ လေးတန်ချောင်းအတွင်း တစ်ဆယ့်နှစ်ရာသီရေများနောက်ကျိပြီး ရေအရည်အသွေးညံ့ဖျင်းမှုနှင့် ပတ်သက်၍ နယ်မြေဒေသလုံခြုံမှုအခြေအနေ တိုးတက်ကောင်းမွန်လာပါက စစ်ဆေးရေးအဖွဲ့စေလွှတ်၍ မြေပြင်ကွင်းဆင်းစစ်ဆေးစေပြီး လိုအပ်သည့်ကြပ်မတ်ဆောင်ရွက်မှုများ၊ ပြုပြင်လုပ်ဆောင်မှုများကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။**

အလားတူ လွှတ်တော်ကိုယ်စားလှယ်(၂)ဦး၏ ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာမေးခွန်း(၂)ခုနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ပြန်လည်ဖြေကြားသည်။

ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း၏ **မုံရွာမြို့မှ ခန္တီးမြို့အထိ ဖောက်လုပ်ထားသော မဟာဗျူဟာ လမ်းကြောင်းပေါ်ရှိ သက္ကယ်ကျင်းမှ ခါတွန်ကျေးရွာအကြား ကိုးတန်ချောင်းကူးတံတားမှာ နှစ်စဉ်ချောင်းရေတိုက်စားပြီး ပျက်စီးနေသဖြင့် အသစ်ပြန်လည်တည်ဆောက်လျက်ရှိရာ ငွေကြေးများစွာ ကုန်ကျမှုရှိနေပါကြောင်း၊ သို့ပါ၍ နိုင်ငံတော်က ကြိုးတံတားအဖြစ် တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ကိုးတန်ချောင်းကူးတံတား အရှည်ပေ(၂၉၀)အား ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ယာယီတံတားအဖြစ် တည်ဆောက်ပေးခဲ့ပါကြောင်း၊ ၁၂-၉-၂၀၀၆ ရက်ညတွင် မိုးသည်းထန်စွာရွာပြီး တောင်ကျချောင်းရေ အမြင့်(၁၃)ပေအထိစီးဆင်းမှုကြောင့် ရေတိုက်စားပျက်စီးခဲ့ရာ ရန်ပုံငွေရရှိမှုအခြေအနေအရ တံတားပြန်လည် တည်ဆောက်နိုင်ခြင်းမရှိဘဲ နှစ်စဉ်ပွင့်လင်းရာသီတွင် ယာယီရေနိမ့်တံတားထိုး၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းပေါ်ရှိ ကိုးတန်ချောင်းကူးတံတားအား အမြဲတမ်းတံတားအဖြစ် တည်ဆောက်ရန် ပဉ္စမနှစ်တို(၅)နှစ်စီမံကိန်း၌ ထည့်သွင်းရေးဆွဲထားပြီးဖြစ်ပါ၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့်ဖြေကြားသည်။**

ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုး၏**ထီးချိုင့်-ကျောင်းကုန်းလမ်းမကြီးပေါ်ရှိ ကွမ်းတုံ-ကျောက်အိုက်ရွာအနီး ကွမ်းဘောင်ချောင်းမကြီးအား ရေကျော်တံတားဆောက်လုပ်ပေးရန်အစီအစဉ် ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၏ ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် ကတ္တရာထပ်ပိုးလွှာတင်ခြင်း၊ ကတ္တရာလမ်းမျက်နှာပြင်ညှိ၍ ရေပိတ်လွှာခင်းခြင်း၊ လမ်းချောစေရန် ဂျင်းကျောက်(၃)လက်မထုခင်းခြင်း၊ လမ်းမြေသားတာပေါင်ပေ(၄၀) အကျယ်ချဲ့ခြင်း၊ လမ်းဘေးရေမြောင်းတူးခြင်း၊ ကွန်ကရစ်တံတားတည်ဆောက်ခြင်း၊ အုတ်စီမြေကာနံရံတည်ဆောက်ခြင်း၊ ရေပြွန်တိုးချဲ့ခြင်းနှင့် တံတားများပြုပြင်ခြင်း လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပါကြောင်း။

**ထီးချိုင့်-ကျောင်းကုန်းလမ်းသည် တိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲသော လမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်းပေါ်ရှိ ကွမ်းဘောင်ချောင်းမကြီးသည် မိုးရာသီတွင် ရေအမြဲစီးဆင်းလျက်ရှိပြီး မိုးများချိန်တွင် ရေစီးသန်သော ချောင်းဖြစ်ခြင်းကြောင့် ရေကျော်တံတားဆောက်လုပ်ခြင်းထက် တံတားဆောက်လုပ်မှသာ သင့်တော်မည် ဖြစ်ပါကြောင်း၊ သို့ပါ၍ ကွမ်းဘောင်ချောင်းတံတားအား အရှည်ပေ(၂၅၀)သံကူကွန်ကရစ်တံတားတည်ဆောက်ရန် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ရန်ပုံငွေတင်ပြထားပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။**

ထို့အတူ လွှတ်တော်ကိုယ်စားလှယ်(၃)ဦး၏ ပို့ဆောင်ရေးကဏ္ဍဆိုင်ရာမေးခွန်း(၄)ခုနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ပြန်လည်ဖြေကြားသည်။

ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်၏ **ပြည်မြို့နယ်အတွင်းရှိ ဧရာဝတီမြစ်ရေတိုက်စား၍ မြစ်ကမ်းပြိုမှုကြောင့် လူနေအိမ်များ၊ စိုက်ခင်းများဆုံးရှုံးမှု ဖြစ်ပေါ်နေသည်ကို ရေကြောင်းထိန်းသိမ်းရေးဦးစီးဌာနက ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ/မရှိသိရှိလိုကြောင်း**မေးခွန်းနှင့် **ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ လေယာဉ်ကွင်းတွင် ခရီးသည်တင် လေယာဉ်ငယ်များ ဆင်းသက်ပို့ဆောင်ပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းများနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန၏ အဓိကတာဝန်မှာ ရေကြောင်းနှင့် လေကြောင်းပို့ဆောင်ရေးကဏ္ဍများကို တာဝန်ယူရခြင်းဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၏ ဘဏ္ဍာရေးရည်မှန်းချက်မှာလည်း ဝန်ကြီးဌာန၏ ဘဏ္ဍာငွေရှာဖွေရရှိမှု အပေါ်တွင်သာ ရပ်တည်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရေကြောင်းထိန်းသိမ်းရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်းရှိ မြစ်ကြောင်းအားလုံးနှင့်မြစ်ဝကျွန်းပေါ်ဒေသတွင် ဖြစ်ပေါ်နေသော ကမ်းပြိုမှုများအတွက် တာဝန်ယူရန်မှာ လွန်စွာခက်ခဲမှုရှိပါကြောင်း၊ မြွှာမြစ်ရေတင်စီမံကိန်းရေရရှိရေးအတွက် လိုအပ်သည့်အဆောက်အအုံ၊ လိုအပ်သည့်တိုင်းတာခြင်းများဆောင်ရွက်ရင်း ရေများပြီးမြစ်ကမ်းပါးပြိုရခြင်းဖြစ်ပါကြောင်း၊ ယင်းကိစ္စနှင့် စပ်လျဉ်း၍ အောက်ခြေအဆင့်ထိ ဆန်းစစ်လေ့လာကာ စီမံကိန်းအတွက် လိုအပ်သည့် ရေထက်မများအောင် နည်းပညာဖြင့် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ သို့သော်လည်း ဝန်ကြီးဌာနတွင် ဆောင်ရွက်ပေးနိုင်သည့် ရန်ပုံငွေမပါဝင်ပါကြောင်း၊ မြန်မာနိုင်ငံရှိ မြစ်ကြောင်းများအားလုံး၏ ကမ်းပါးပြိုမှုအတွက် ဝန်ကြီးဌာနတွင် ရန်ပုံငွေမပါဝင်ပါကြောင်း၊ မြစ်ဝကျွန်းပေါ်တွင်လည်း ထိုနည်းတူပင်ဖြစ်ပါကြောင်း၊ မြစ်ကမ်းပါးပြိုမှုနှင့် ပတ်သက်၍ သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးအာဏာပိုင်က တိုင်းဒေသကြီး/ ပြည်နယ် အစိုးရသို့တင်ပြပြီး ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတရုံးသို့ တင်ပြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတရုံး၏ လိုအပ်သည့်ဘတ်ဂျက်ကို သီးသန့်ချထားပေးပြီး ဆောင်ရွက်ရခြင်း ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၏ ဘတ်ဂျက်ဖြင့် ဆောင်ရွက်ခြင်း မဟုတ်ပါကြောင်း။

**ဒုတိယမေးခွန်းနှင့် စပ်လျဉ်း၍** မြန်မာနိုင်ငံ၌ လက်ရှိကျင့်သုံးနေသောစနစ်မှာ ဈေးကွက်စီးပွားရေးစနစ်ဖြစ်ပါကြောင်း၊ ပြည်လေယာဉ်ကွင်းသည် ယခင်က ဆင်းသက်အသုံးပြုခဲ့သည့် လေယာဉ်ကွင်းဖြစ်ပါကြောင်း၊ လက်ရှိအနေအထားအရ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထိန်းသိမ်းထားသောလေယာဉ်ကွင်း ဖြစ်ပါကြောင်း၊ သို့သော်လည်း လက်ရှိတွင် စီးမည့်ခရီးသည်မရှိသည့်အတွက် ပြည်လေယာဉ်ကွင်းကို ပျံသန်းပြေးဆွဲခြင်း မရှိပါကြောင်း၊ အကယ်၍ ကိုယ်စားလှယ်များအနေဖြင့် နောင်တစ်ချိန်တွင် ဆင်းသက်စေလိုပါက အဆိုပါလေယာဉ်ကွင်းတွင် ကိုယ်စားလှယ်ခန့်အပ်၍ ခရီးသည်၏ တစ်ဝက်ဆင်းသက်နိုင်ရန် လုပ်ပေးနိုင်ပါက လေယာဉ်ဆင်းပေးရန် အသင့်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင်၏ **မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်လေယာဉ်ကွင်းကြီးကို မြို့တော်အင်္ဂါရပ်နှင့်အညီ ခမ်းနားထည်ဝါစွာဖြင့် ပြည်ထောင်စုအစိုးရက မည်ကဲ့သို့ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ချမ်းမြသာစည်လေယာဉ်ကွင်းသည် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသော လေယာဉ်ကွင်းဖြစ်ပါကြောင်း၊ မူလတည်ဆောက်စဉ်က အလျား ပေ(၄၀၀၀)နှင့် အနံ(၇၅)ပေ ရှိပါကြောင်း၊ ယခုအချိန်တွင် အလျားပေ(၆၅၀၀)နှင့် အနံ ပေ(၁၀၀) ရှိပြီး (၇၅)တန်ရှိသည့် F-28 နှင့်အထက် လေယာဉ်ပျံများ ဆင်းသက်နိုင်သော လေယာဉ်ကွင်းဖြစ်ပါကြောင်း၊ ခေတ်မီတိုးတက်လာသည်နှင့်အမျှ နိုင်ငံတကာရှိ မြို့ကြီးများတွင် ကွင်းသစ်များရှာဖွေ၍ အသစ်ဖောက်လုပ်ခြင်းသည် နိုင်ငံတကာ၏ အစဉ်အလာဖြစ်ပါကြောင်း၊ မန္တလေးမြို့၌ နိုင်ငံတကာလေယာဉ်များ ဆင်းသက်နိုင်ရန် အတွက် တံတားဦးလေဆိပ်ကို တည်ဆောက်ခဲ့ခြင်း ဖြစ်ပါကြောင်း။

မန္တလေး ချမ်းမြသာစည်လေဆိပ်ကို ၁၉၉၆ ခုနှစ်က ပေ(၆၅၀၀)အထိ တိုးချဲ့ပြီး ဆင်းခဲ့ခြင်းဖြစ်ပါကြောင်း၊ တံတားဦးလေဆိပ်ကို ၂၀၀၀ ပြည့်နှစ် စက်တင်ဘာမှစတင်ဖွင့်လှစ်၍ ချမ်းမြသာစည်လေဆိပ်ကို ရပ်ဆိုင်းထားခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဝေဟင်ပိုင်နက်ကို ဖြတ်ကျော်ပျံသန်းလျက်ရှိသော လေယာဉ်ပေါင်း နေ့စဉ်(၄၅၀)ရှိပြီး ချမ်းမြသာစည်လေဆိပ်သို့ သတင်းပို့ရသည့်လေယာဉ်အစင်းရေ(၂၀၀)ကျော် ရှိပါကြောင်း၊ တစ်ကမ္ဘာလုံး လေကြောင်းပို့ဆောင်ရေးလမ်းကြောင်းတွင် ချမ်းမြသာစည်လေဆိပ်သည် အလွန်အရေးကြီးသည့်နေရာတွင် ပါဝင်ပါကြောင်း၊ ကွန်ပျူတာအားလုံးတွင်လည်း လေယာဉ်ကွင်း၏ အကွာအဝေးပါရှိပြီးဖြစ်ပါကြောင်း၊ ၎င်းလေယာဉ်ကွင်းအားအသုံးချရန် လောလောဆယ်စီစဉ်ထားပြီးဖြစ်ပါကြောင်း။

အင်းတော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နိုင်ဌေး မေးမြန်းစဉ်။ (သတင်းစဉ်)

ချမ်းမြသာစည် လေယာဉ်ကွင်းကို အသုံးပြု၍ အရပ်ဘက်လေယာဉ်မောင်းသင်ကျောင်းဖွင့်လှစ်၍ ပြည်တွင်း/ပြည်ပ လေကြောင်းလိုင်းများအတွက် အရည်အချင်းပြည့်မီသော လေယာဉ်မှူးများမွေးထုတ်ရေး၊ လေကြောင်းပညာရပ်ကို စိတ်ဝင်စားသူများနှင့် အပျော်တမ်းလေယာဉ်မောင်းနှင်လိုသူများအတွက် ပျံသန်းရေးကလပ် (Flying Club) များ ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးရေး လုပ်ငန်းများဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါကြောင်း၊ အရပ်ဘက်လေယာဉ်မောင်းသင်ကျောင်းဖွင့်လှစ်နိုင်ရေးအတွက် တပ်မတော်(လေ) လေယာဉ်မောင်းသင်ကျောင်းများတွင် ကျောင်းအုပ်ကြီးနှင့် လေယာဉ်မောင်းနည်းပြဆရာများအဖြစ် ဆောင်ရွက်ခဲ့သူများအား စုစည်းဆောင်ရွက်လျက်ရှိပါကြောင်း။

ချမ်းမြသာစည် လေယာဉ်ကွင်းတွင် အရပ်ဘက်လေယာဉ်မောင်းသင်ကျောင်းနှင့် အပျော်တမ်း ပျံသန်းရေးကလပ် (Flying Club) ဖွင့်လှစ်ပြီးပါက ထိုလေဆိပ်သည် အမောင်းသင်လေယာဉ်များ၊ အပျော်စီးလေယာဉ်များ လေယာဉ်မောင်းသင်ကျောင်း ပျံသန်းရေးကလပ်များ၏ အဆောက်အအုံများဖြင့် စည်ကားလာမည်ဖြစ်ပြီး လေကြောင်းဆိုင်ရာလုပ်ငန်းများဖြင့် မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင် လေကြောင်းပညာပေးနေရာတစ်ခု ဖြစ်လာမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ချမ်းမြသာစည်လေယာဉ်ကွင်းသည် ပေပေါင်း (၆၅၀၀)ရှိသည့်အတွက် တံတားဦးလေယာဉ်ကွင်း၏ အရေးပေါ် အရန် လေယာဉ်ကွင်းအဖြစ် အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း။

**သို့ဖြစ်၍ ချမ်းမြသာစည်လေယာဉ်ကွင်းအား အပြည်ပြည်ဆိုင်ရာလေကြောင်း ပျံသန်းမှုအတွက် Compulsory Reporting Point အဖြစ် ဆက်လက်ထားရှိ၍ မန္တလေးမြို့၏ ကျက်သရေဆောင် အရပ်ဘက်လေယာဉ်မောင်းသင်ကျောင်းနှင့် အပျော်တမ်း ပျံသန်းရေးကလပ် (Flying Club) ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။**

မြင်းခြံမဲဆန္ဒနယ်မှ ဦးဝင်းမြင့်၏ **မြင်းခြံမြို့နယ်အတွင်းရှိ ဧရာဝတီမြစ်ကြောင်းအား ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ယခုမေးခွန်းသည် ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်၏ မေးခွန်းနှင့် ဆင်တူပင်ဖြစ်ပါကြောင်း၊ ဆီမီးခုံနေရာသည် ဧရာဝတီမြစ်ကြောင်းအရကြည့်လျှင် ထူးခြားသည့်နေရာ ဖြစ်ပါကြောင်း၊ ဧရာဝတီမြစ်သည် တောင်မြောက်စီးဆင်းနေရာမှ ဆီမီးခုံရွာကျော်သည်နှင့် အရှေ့မှအနောက်သို့ စီးဆင်းသွားခြင်းဖြစ်ပါကြောင်း၊ ယနေ့အထိ ဆီမီးခုံရွာတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသင်္ဘောများ ဆိုက်ကပ်ပြီး ကုန်တင်ကုန်ချလုပ်ငန်းများ ဆောင်ရွက်ဆဲဖြစ်ပါကြောင်း၊ ထိုဆိပ်ကမ်းဘေးမြစ်ကမ်းပါးပြိုမှုနှင့်ပတ်သက်၍ ပြင်ဆင်ပေးရန်အစီအစဉ် ရှိ/မရှိ မေးမြန်းမှုအပေါ် ဖြေကြားရလျှင် ယခင်အဖြေအတိုင်း ရန်ပုံငွေထည့်သွင်းထားခြင်းမရှိကြောင်းကို ပြောကြားလိုပါကြောင်း၊ သို့သော် ဆီမီးခုံဒေသတွင် စက်မှုဇုန်တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့်ပူးပေါင်းကာ ဆိပ်ကမ်းကြီးတစ်ခု တည်ဆောက်ရန်ရှိပါကြောင်း၊ အဆိုပါဆိပ်ကမ်းတည်ဆောက်ရင်း မြစ်ကမ်းပါးထိန်းသိမ်းမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

**ဥပဒေကြမ်းဆွေးနွေးအတည်ပြုခြင်းကဏ္ဍ**တွင် ဖေဖော်ဝါရီ ၁၅ ရက်က တင်သွင်းခဲ့သော **နိုင်ငံခြားသုံးငွေဆိုင်ရာဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်(၂)ဦးတို့က ပြင်ဆင်ချက်အဆိုများအား တင်ပြကြသည်။

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

ထိုသို့တင်ပြရာတွင် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းထွန်းဦးက အပိုဒ် ၁၊ အပိုဒ် ၂၊ အပိုဒ် ၃၊ (က၊ ခ၊ ဂ၊ ဃ၊ င၊ စ၊ ဆ၊ ဇ၊ ဈ၊ ည၊ ဋ၊ ဌ)၊ အပိုဒ် ၄(င)၊ အပိုဒ် ၅(ခ၊ င၊ စ)၊ အပိုဒ် ၆၊ အပိုဒ် ၇(က၊ ခ)၊ အပိုဒ် ၁၁၊ အပိုဒ် ၁၄(ခ)၊ အပိုဒ် ၁၅ (ဂ)၊ အပိုဒ် ၁၆(က၊ ခ)၊ အပိုဒ် ၁၇၊ အပိုဒ် ၂၂၊ အပိုဒ် ၂၄၊ အပိုဒ် ၂၇(ခ)နှင့်အပိုဒ် ၂၈ တို့နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုများအား တင်ပြသည်။

ထို့အတူ အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီးက အပိုဒ် ၃(ည)၊ အပိုဒ် ၅(ခ)၊ အပိုဒ် ၁၄(ခ)တို့နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုများအား တင်ပြသည်။

**အပိုဒ် ၃(ည)**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ရှိန်က ဥပဒေပါအကြောင်းအရာများ ရှေ့နောက်ညီညွတ်စေရန် ဥပဒေကြမ်းကော်မတီက တင်ပြသည့် ပြင်ဆင်ချက်ကသာ ပိုမိုသင့်လျော်ကြောင်းဖြင့်တင်ပြပြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက သီးခြားဖော်ပြရန် မရှိပါကြောင်းဖြင့်တင်ပြသည်။

အဆိုရှင် ဦးကိုကြီးကလည်း ဥပဒေကြမ်းကော်မတီ၏တင်ပြချက်သည် ပြည့်စုံလုံလောက်မှုရှိသည့်အတွက် လက်ခံသဘောတူပါကြောင်းဖြင့် တင်ပြသည်။

**အပိုဒ် ၅(ခ)**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးအောင်မြသန်းက မူလအဆိုပြုပြဋ္ဌာန်းချက်ကသာ ကျစ်လျစ်သိပ်သည်းမှုရှိသဖြင့် မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုသင့်ပါကြောင်းဖြင့်တင်ပြပြီး ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက သီးခြားတင်ပြရန် မရှိပါကြောင်းဖြင့်တင်ပြသည်။

**အပိုဒ် ၁၄(ခ)**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးတင်မောင်ရွှေက ဦးကိုကြီး၏တင်ပြချက်မှာ ပိုမိုပြည့်စုံသည်ကို တွေ့ရပါကြောင်းဖြင့်တင်ပြပြီး ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက သဘောတူပါကြောင်းဖြင့် တင်ပြသည်။

အလားတူ နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်းက အပိုဒ် ၂၂၊ အပိုဒ် ၂၇(ခ)တို့နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုများအား တင်ပြသည်။

**အပိုဒ် ၂၂** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးအောင်မြသန်းက ဒေါက်တာစိုင်းကျော်အုန်း၏ တင်ပြချက်သည် လျော်ကန်သင့်မြတ်ပါကြောင်းဖြင့် တင်ပြပြီး ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက သဘောတူပါကြောင်းဖြင့် တင်ပြသည်။

**အပိုဒ် ၂၇(ခ)**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးအောင်မြသန်းက ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက်ကသာ ပိုမိုကောင်းမွန်ပါကြောင်းဖြင့် တင်ပြပြီး ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်တင်ပြချက်သည် ဆီလျော်မှုရှိသည့်အတွက် သဘောတူပါကြောင်းဖြင့် တင်ပြသည်။

လွှတ်တော်၏ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားသော အပိုဒ်၊ အပိုဒ်ခွဲအမှတ်စဉ်များကို တစ်ပါတည်းအတည်ပြုချက်ရယူရာ သဘောမတူသူမရှိသည့်အတွက် **နိုင်ငံခြားသုံးငွေဆိုင်ရာ ဥပဒေကြမ်း**တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်းဆုံးဖြတ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များသည် ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၆ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်ဖြစ်ကြောင်း၊ ချစ်ကြည်ရေးခရီးစဉ်တွင် တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်ခိုင်မာရေးနှင့် ပြည်သူ့လွှတ်တော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်တို့အကြား ချစ်ခင်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ၁ နာရီ ၂၅ မိနစ်တွင်ရပ်နားပြီး အစည်းအဝေး အဋ္ဌမနေ့ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

လွန်ခဲ့သော ၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာခဲ့သည်။ **ညအပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၄ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်ညအပူချိန်များမှာ** ပင်လောင်းမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့နှင့် ဟားခါးမြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

☆ ရှေ့ဖုံးမှ

**“အိမ်မဲမြို့နယ် မဲဇလီစာဖြူစုနှင့် မြောင်းမြမြို့နယ် ကန်ကြီး၊ ကျုံတုံး ကျေးလက်မြေသားလမ်းအား ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ”** မေးခွန်းနှင့် စပ်လျဉ်း၍ အိမ်မဲမြို့နယ် ညောင်ဝိုင်းကြီးကျေးရွာ၊ တံခွန်တိုင်ကျေးရွာနှင့် မြောင်းမြမြို့နယ် ကံကြီးကျေးရွာ ဆက်သွယ်ရေးမြေသားလမ်းမှာ မြောင်းမြမြို့နယ်အတွင်း (၂)ဖာလုံနှင့် အိမ်မဲမြို့နယ်အတွင်း (၅)မိုင် (၅)ဖာလုံရှိပြီး အကျယ် (၁၀)ပေ၊ (၈)လက်မထု ကျောက်ချောလမ်း ခင်းမည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ် (၂၆၂ ဒသမ ၄၅၅)သန်း ဖြစ်ပါကြောင်း။

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း မြောင်းမြမြို့နယ်အပိုင်းမှ (၂)ဖာလုံကို ငွေကျပ် (၁၁ ဒသမ ၀၅၅)သန်းဖြင့် လည်းကောင်း၊ အိမ်မဲမြို့နယ်အပိုင်းမှ (၃ ဒသမ ၅) ဖာလုံကို ငွေကျပ်သန်း (၂၀)ဖြင့် လည်းကောင်း စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေဖြင့် ကျောက်ချောလမ်း ခင်းပေးသွားမည်ဖြစ်ပါကြောင်း။

အိမ်မဲမြို့နယ် မဲဇလီစာဖြူစုနှင့် ကန်ကြီး၊ ကျုံတုံးသို့ဆက်သွယ်သော ကျေးလက်မြေသားလမ်းသည် လမ်းအရှည် (၂၃)မိုင် (၆)ဖာလုံရှိပြီး မြောင်းမြမြို့နယ်အတွင်း (၄) မိုင် (၆)ဖာလုံနှင့် အိမ်မဲမြို့နယ်အတွင်း (၁၉)မိုင်ရှိပါကြောင်း၊ အဆိုပါလမ်းအား အိမ်မဲမြို့နယ်အတွင်း အိမ်မဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေဖြင့် ၂၀၀၈-၂၀၀၉ တွင် ကျောက်ချောလမ်း (၄)ဖာလုံနှင့် ၂၀၀၉-၂၀၁၀ တွင် ကျောက်ချောလမ်း (၂)ဖာလုံ တို့ကို ဆောင်ရွက်ပေးခဲ့ပါကြောင်း။

**၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း မြောင်းမြမြို့နယ်အပိုင်းမှ (၂)မိုင်ကို ငွေကျပ် သန်း(၈၀)ဖြင့် လည်းကောင်း၊ အိမ်မဲမြို့နယ်အပိုင်းမှ (၁)မိုင်ကို ငွေကျပ်သန်း(၄၀)ဖြင့် လည်းကောင်း စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေဖြင့် ကျောက်ချောလမ်း ခင်းပေးသွားမည်ဖြစ်ကြောင်းဖြင့် ဖြေကြားသည်။**

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း၏ **“ချောက်မြို့နယ် ငွေးပင်ကျေးရွာအုပ်စု ငွေးပင်စံပြကျေးရွာ၏ သောက်သုံးရေအခက်အခဲအား ဖြေရှင်းပေးရန်”** မေးခွန်းနှင့် စပ်လျဉ်း၍ ကျေးလက်သောက်သုံးရေရရှိရေးလုပ်ငန်းများကို ၂၀၀၀-၂၀၀၁ မှ ၂၀၀၉-၂၀၁၀ ခုနှစ်အထိ (၁၀)နှစ်စီမံကိန်းရေးဆွဲ၍ ဆောင်ရွက်ပေးခဲ့ရာ တစ်နိုင်ငံလုံး ကျေးရွာပေါင်း(၆၄၃၄၉)ရွာရှိသည့်အနက် ကျေးရွာ (၂၃၂၂၅)ရွာတွင် ရေရရှိရေးလုပ်ငန်းပေါင်း (၃၄၈၅၈)ခု ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

(၁၀)နှစ်စီမံကိန်းတွင်ပါဝင်သည့် ချောက်မြို့နယ်မှ ကျေးရွာပေါင်း(၄၅)ရွာတွင် လည်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေ၊ အလှူရှင်လှူဒါန်းငွေနှင့် နိုင်ငံတော် ရန်ပုံငွေ စုစုပေါင်းကျပ် (၂၅၇ ဒသမ ၉၆)သန်းဖြင့် စက်ရေတွင်း (၃၆)တွင်းနှင့် မိုးရေလှောင်ကန်(၃၆)ကန်တို့ကို တူးဖော်ပေးနိုင်ခဲ့ပါကြောင်း။

**ချောက်မြို့နယ် ငွေးပင်စံပြကျေးရွာတွင် အိမ်ခြေ(၂၆၃)၊ လူဦးရေ(၁၅၅၅)ဦးရှိပြီး ၁၉၇၉ ခုနှစ်က တူးဖော်ထားသောစက်ရေတွင်း(၁)တွင်းနှင့် မြေသားမိုးရေလှောင်ကန် (၃)ကန်ရှိပါကြောင်း၊ စက်ရေတွင်းမှာ ရေထွက်နှုန်း တဖြည်းဖြည်းကျဆင်းလာသဖြင့် ၂၀၀၈-၂၀၀၉ ခုနှစ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပြန်လည်ပြုပြင်ပေးခဲ့သော်လည်း ထပ်မံပျက်စီးသွားသည်ကို စစ်ဆေးတွေ့ရှိရပါကြောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေ ကျပ်(၃၆ ဒသမ ၄၇)သန်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။**

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်ကျော်၏ **“မြောက်ဦးမြို့ ကုန်သည်တန်း ချောင်းကူးတံတားကို ကွန်ကရစ်တိုင်နှင့် အခင်း ပျဉ်းကတိုး သစ်မာတို့ဖြင့် အမာခံတံတားအဖြစ် တည်ဆောက်ပေးရန်”နှင့် “မြောက်ဦးမြို့ပေါ်ရှိ ဗန္ဓုလတံတားကို သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/ မရှိ”**မေးခွန်းနှင့် စပ်လျဉ်း၍ ကုန်သည်တန်းချောင်းကူးတံတားသည် မြောက်ဦးမြို့အလယ်ဈေးရပ်ကွက်နှင့် အောင်မင်္ဂလာရပ်ကွက်၊ ဗန္ဓုလအုပ်စုသို့ ဆက်သွယ်ထားသည့် အရှည်ပေ (၁၂၀)၊ အကျယ်(၆)ပေ၊ အမြင့် (၁၈)ပေရှိ သစ်သားတံတားဖြစ်ပါကြောင်း၊ အဆိုပါတံတားအား မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၆-၂၀၀၇ ခုနှစ်နှင့် ၂၀၀၈-၂၀၀၉ ခုနှစ်တို့တွင် အဖွဲ့ရန်ပုံငွေဖြင့် ပြုပြင်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ၂၀၁၁ ခုနှစ် ဇူလိုင် ၂၁ ရက်တွင် သဘာဝဘေးအန္တရာယ်ကြောင့် အဆိုပါတံတားပျက်စီးခဲ့ရာ ပြည်သူလူထုနှင့် မြောက်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပြုပြင်ခဲ့ပါကြောင်း။

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေ ကျပ် သန်း(၂၀)ဖြင့် စတင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်လုပ်ငန်းများအား နှစ်အလိုက်အစီအမံဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**ဗန္ဓုလတံတားအား ၂၀၀၁-၂၀၀၂ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၂၃ ဒသမ ၁၉၇ သန်းဖြင့် အရှည် ၁၄၅ ပေ၊ အကျယ် ၁၄ ပေ၊ အမြင့် ၂၄ ပေရှိ အုတ်ခုံခံသစ်သားတံတားအဖြစ် တည်ဆောက်ပေးခဲ့ပါကြောင်း၊ ၂၀၀၈-၂၀၀၉ ခုနှစ်နှင့် ၂၀၁၁-၂၀၁၂ ခုနှစ်တို့တွင် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ခန့်မှန်း ကျပ်သန်း (၂၅၀) ကုန်ကျမည့် သံကူကွန်ကရစ်တံတားအဖြစ် အဆင့်တိုးမြှင့်ဆောက်လုပ်ခြင်းလုပ်ငန်းကို မြောက်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ နှစ်အလိုက်အစီအမံဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။**

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးညဏ်လင်း၏ **“ကျုံပျော်-ရေကြည်-လေးမျက်နှာမြို့နယ် ဒေသဖွံ့ဖြိုးရေးအတွက် နတ်စင်ငူ-ရေနက်ချောင်းကူးတံတား တည်ဆောက်ပေးရန်” နှင့် “ရေကြည်မြို့နယ် ချင်းကုန်း-ငပိဆိပ် ကျောက်ချောလမ်း ပြီးမြောက်စေရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ ကျုံပျော်မြို့နယ် ဒိုက်ပျက်ကျေးရွာအုပ်စု၊ ဒုတ်ရိုက်ကျေးရွာနှင့် ရေကြည်မြို့နယ် ကျုံပဒုတ်ကျေးရွာအုပ်စု၊ လယ်တီစုကျေးရွာတို့အကြားရှိ ဝါးကပ်ခင်းလူကူးတံတားအား ကျေးရွာအစီအစဉ်ဖြင့် ဆောင်ရွက်ထားရှိပါကြောင်း။

အရှည်ပေ (၂၀၀) ရှိ နတ်စင်ငူ-ရေနက်ချောင်းကူးတံတားတည်ဆောက်ရန် ခန့်မှန်းကုန်ကျငွေ ကျပ်သန်း (၁၀၀) ခန့်ဖြစ်ရာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေ ကျပ်သန်း (၃၀) ဖြင့် စတင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်လုပ်ငန်းများအား နှစ်အလိုက်အစီအမံဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ချင်းကုန်း-ချောင်းဖျား-ငပိဆိပ်လမ်းမှာ ချင်းကုန်းကျေးရွာ (ပုသိမ်-မုံရွာ-လမ်းဆုံ)မှ ငပိဆိပ်ကျေးရွာ (ငဝန်မြစ်ကမ်း)အထိ (၅) မိုင်ရှိပြီး အဆိုပါလမ်းကျောက်ချောခင်းခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် (၁)မိုင် (၄) ဖာလုံနှင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် (၄) ဖာလုံတို့ကို ဆောင်ရွက်ပေးခဲ့ပါကြောင်း။

**ချင်းကုန်း-ငပိဆိပ် ကျောက်ချောလမ်းမှ ကျန်မြေသားလမ်းအပိုင်း (၃) မိုင် ကျောက်ခင်းခြင်းလုပ်ငန်းအတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ရေကြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေ ကျပ်သန်း (၂၀) နှင့် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေကျပ်သန်း (၂၀) စုစုပေါင်း သန်း (၄၀) ဖြင့် လမ်းအရှည် (၁) မိုင်အား ကျောက်ချောလမ်းခင်းပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။**

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချိုဦး၏ **“အုတ်ဖိုမြို့နယ်အတွင်းရှိ ခြောက်တင်းကွင်း၊ ကွဲဖြူမ၊ ရွာရှောင်၊ ဝိုင်းကျေးရွာများ ဆက်သွယ်သည့် ကျေးရွာချင်းဆက်လမ်းများ၊ ဂုံညင်းတန်း၊ ဘုတ်သိုး၊ ဒီးဒူးပင်၊ ကန်သာယာ ကျေးရွာချင်းဆက်လမ်း”** နှင့် **“ကြက်ဆူတော၊ ထူးချောင်း၊ ကင်ပွန်းခြုံ၊ အိုးသည်ကုန်း ကျေးရွာချင်းဆက်လမ်းများအား ရာသီမရွေးသွားလာနိုင်သည့် လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ ခြောက်တင်းကွင်း၊ ကွဲဖြူမ၊ ရွာချောင်၊ ဝိုင်းကျေးရွာချင်းဆက်လမ်းသည် ၁၉၉၀-၁၉၉၁ ခုနှစ်တွင် ဒေသခံပြည်သူများမှ ဆောင်ရွက်ခဲ့သည့် အရှည် (၁၃)မိုင်၊ အကျယ် (၁၀)ပေရှိသော မြေသားလမ်းဖြစ်ပြီး အဆိုပါလမ်းအား ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် (၁ ဒသမ ၂ )သန်းဖြင့် ဂဝံလမ်းပြုပြင်ခြင်း (၅)ဖာလုံ ဆောင်ရွက်ပေးခဲ့ပါကြောင်း။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေကျပ် (၁၁ ဒသမ ၄၃၅)သန်းဖြင့် ဂဝံလမ်း(၂)လမ်း အရှည်(၁)မိုင် (၂ ဒသမ ၆)ဖာလုံကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကျန်ရှိသည့် (၁၂)မိုင် (၃)ဖာလုံအား ဂဝံလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းအတွက် ငွေကျပ် (၁၃၀ ဒသမ ၃) သန်း ကုန်ကျမည်ဖြစ်ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေကျပ် (၄ ဒသမ ၄) သန်းဖြင့် လမ်းအရှည် (၃)ဖာလုံအား ဂဝံခင်းပေးသွားမည်ဖြစ်ပါကြောင်း။

ဂုံညင်းတန်း-ကံသာယာလမ်းသည် အရှည်(၅)မိုင်၊ အကျယ် (၁၀)ပေရှိ၍ ဂဝံလမ်း(၂)မိုင် (၆)ဖာလုံ၊ မြေသားလမ်း(၂)မိုင် (၂)ဖာလုံဖြစ်သော်လည်း လက်ရှိလမ်းအခြေအနေမှာ မြေသားလမ်းအဆင့်သာ ရှိပါကြောင်း၊ အဆိုပါဂုံညင်းတန်း-ကံသာယာလမ်းအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေဖြင့် ၁၉၉၈-၁၉၉၉ တွင် ဂဝံလမ်း(၀ ဒသမ ၈၃)ဖာလုံ၊ ၁၉၉၉-၂၀၀၀ တွင် ဂဝံလမ်း(၁ ဒသမ ၁၅)ဖာလုံနှင့် ၂၀၁၁-၂၀၁၂ တွင် ဂဝံခင်းပြုပြင်ခြင်း (၆၀၀၀) စတုရန်းပေတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း အုတ်ဖိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေကျပ် (၁၁ ဒသမ ၄၃၅)သန်းဖြင့် ဂဝံလမ်း(၂)လမ်း၊ အရှည်(၁)မိုင်(၂ဒသမ ၆)ဖာလုံကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အဆိုပါလမ်းအား ရာသီမရွေး သွားလာနိုင်သည့် လမ်းအဖြစ် အဆင့်မြှင့်တင်ရန် ဂဝံလမ်း(၅)မိုင်ခင်းခြင်းအတွက် ငွေကျပ် (၅၁)သန်း ကုန်ကျမည်ဖြစ်၍ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ထောက်ပံ့ငွေကျပ် (၅)သန်းဖြင့် အရှည် (၄)ဖာလုံ ဂဝံခင်းခြင်းလုပ်ငန်းအား ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေ ခွဲဝေချထားမှုအပေါ်မူတည်၍ ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ကြက်ဆူတော၊ ထူးချောင်း၊ ကင်ပွန်းခြုံ၊ အိုးသည်ကုန်းကျေးရွာချင်းဆက်လမ်းသည် ၁၉၉၀-၁၉၉၁ ခုနှစ်၌ ဒေသခံပြည်သူလူထုအစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သည့် အရှည် (၇)မိုင်၊ အကျယ် (၁၀)ပေရှိသော မြေသားလမ်းဖြစ်ပါကြောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေကျပ် (၁၂ ဒသမ ၉)သန်းဖြင့် အဆိုပါလမ်းအား ဂဝံလမ်းခင်းခြင်းအရှည်(၁)မိုင် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

**၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် (၁၁ ဒသမ ၄၃၅)သန်းဖြင့် ဂဝံလမ်း(၂)လမ်း အရှည်(၁)မိုင် (၂ ဒသမ ၆) ဖာလုံကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကျန်ရှိသည့် မြေသားလမ်း(၆)မိုင်အား ဂဝံလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းနှင့် ဂမုန်းချောင်းကူးသစ်သားတံတား တည်ဆောက်ခြင်းတို့အတွက် ငွေကျပ် (၈၇ ဒသမ ၂)သန်းကုန်ကျမည်ဖြစ်၍ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ထောက်ပံ့ငွေကျပ် (၅)သန်းဖြင့် အရှည်(၄)ဖာလုံဂဝံခင်းခြင်းလုပ်ငန်းအား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေခွဲဝေချထားမှုအပေါ် မူတည်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။**

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိန်းခင်းပေါင်၏ **“ကျီခါးမြို့နယ်ခွဲနှင့် ခမ်းပါတ်မြို့နယ်ခွဲတို့အား ချိတ်ဆက်မည့်လမ်းကြမ်းအား ဆက်လက်၍ ဖောက်လုပ်ပေးရန်နှင့် မဏိပူရမြစ် ဖြတ်တံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ ချင်းပြည်နယ် ကျီခါးမြို့နယ်ခွဲနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ခမ်းပါတ်မြို့နယ်ခွဲတို့ကို ဆက်သွယ်သော လမ်းသည် စုစုပေါင်း (၆၅)မိုင်ရှိပြီး ခမ်းပါတ်မြို့နယ်ခွဲအပိုင်း (၂)ဖာလုံ၊ ကျီခါးမြို့နယ်ခွဲအပိုင်း(၆၄)မိုင်(၆)ဖာလုံ ပါဝင်ပါကြောင်း။

**ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောအောင်ကျော်နိုင်(ခ) ရှားဘူးဖော့ ဆွေးနွေးစဉ်။**
(သတင်းစဉ်)

အဆိုပါလမ်း(၄၆)မိုင်ကို နယ်စပ်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် စစ်မြေပြင်အင်ဂျင်နီယာတပ်မှ တစ်ကြောင်းထိုးမြေလမ်းဖောက်လုပ်ပြီး ဖြစ်ပါကြောင်း၊ မဏိပူရမြစ်ကူးတံတား ဆောင်ရွက်ရမည့်တည်နေရာမှာ ကျီခါးမြို့နယ်ခွဲမှ မိုင်(၂၀)အကွာတွင် တည်ရှိပြီး မြစ်အကျယ် ပေ(၂၅၀) ရှိသဖြင့် ခန့်မှန်းအရှည် ပေ(၃၀၀)ရှိသည့် ကြိုးတံတား တည်ဆောက်ရန်လိုအပ်ပါကြောင်း၊ **လမ်းဖောက်လုပ်ရေးလုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် မဏိပူရမြစ်ကူးတံတားတည်ဆောက်ရေးနှင့်ပတ်သက်၍ ချင်းပြည်နယ်အစိုးရမှ ကွင်းဆင်းလေ့လာစေပြီး တွေ့ရှိချက်နှင့် ဖြစ်နိုင်ခြေတို့အပေါ် မူတည်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု** အကောင်အထည်ဖော်ရေးဗဟိုကော်မတီသို့ နိုင်ငံတော်၏ ထောက်ပံ့ငွေရရှိရေး တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းအပေါ် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့က အခန်း(၄) ပုဒ်မ ၁၀(က) အပိုဒ်ခွဲငယ် ၄၊ အခန်း(၆)ပုဒ်မ ၁၆(ခ)၊ (ဂ)၊ အခန်း(၇) ပုဒ်မ ၂၁၊ အခန်း(၁၀) ပုဒ်မ ၃၃ တို့ကို ထောက်ခံဆွေးနွေးသည်။

အဆိုပါဆွေးနွေးချက်နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် လွှတ်တော်က ဆုံးဖြတ်သည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးမြင့်ထွန်းက **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) မှ ဦးဌေးဝင်း(ခ) ဦးဇာယာဒ်ရော်မံနှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဇော်မြင့်ဖေတို့က Investment Law များ မည်မျှမှန်ကန်ကောင်းမွန်သည်ဖြစ်စေ Legal System လည်း ကောင်းရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများသည် ကာလကြာမြင့်လာပြီဖြစ်ကြောင်း၊ လက်ရှိခေတ်စနစ်နှင့် လိုက်လျောညီထွေမှု မရှိတော့ပါကြောင်း၊ သို့ပါ၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်ပြီး ပိုမိုပြည့်စုံကောင်းမွန်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ(မူကြမ်း)ကို အခန်း(၁၉)ခန်း၊ ပုဒ်မပေါင်း(၄၇)ခုဖြင့် ပြုစုခဲ့ပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် နိုင်ငံအများစိတ်ဝင်စားမှုရှိနေကြပါကြောင်း၊ မှန်မှန်ကန်ကန် ရင်းနှီးမြှုပ်နှံလိုသူရှိသကဲ့သို့ မမှန်မကန်သည့်နည်းလမ်းဖြင့် အခွင့်အလမ်းရှာ အခွင့်အရေးယူလိုသည့်သူများလည်း ရှိလာနိုင်ပါကြောင်း၊ ကော်မရှင်၏ လုပ်ငန်းတာဝန်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ လုပ်ငန်းဆောင်ရွက်မှုအပေါ် မျက်ခြည်မပြတ် Monitor ပြုလုပ်သည့်စနစ်ထားရှိဆောင်ရွက်သွားရန် အချက်တစ်ချက်ကို ဖြည့်စွက်ပေးနိုင်ပါရန် အကြံပြုတင်ပြလိုပါကြောင်းဖြင့် ဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် လွှတ်တော်က ဆုံးဖြတ်သည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ တင်သွင်းထားသည့် **“အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအတွက်ရည်ရွယ်၍ အခြေခံပညာ/အဆင့်မြင့်ပညာ ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အားကစားပြိုင်ပွဲများ၊ ကာကွယ်ရေးဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများအား နိုင်ငံတစ်ဝန်းကျင်းပလျက် မျိုးဆက်သစ်ရွက်ပုန်းသီးအားကစားသမားများကို မွေးထုတ်ကာ ကြိုတင်ရွေးချယ်စခန်းသွင်း**

**အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ ရှင်းလင်းဆွေးနွေးစဉ်။**
(သတင်းစဉ်)

**လေ့ကျင့်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”**အဆိုကို လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) မှ ဦးစောထွန်းမြအောင်၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုးနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနုတို့က ၂၀၁၃ ခုနှစ် ဆီးဂိမ်းပြိုင်ပွဲအတွက် ရည်ရွယ်၍ အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကျင်းပရေး၊ ကာကွယ်ရေးဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများကို လူရွေးချယ်ရန်အတွက် ကျင်းပပေးရန် လိုအပ်ပါကြောင်း၊ မြန်မာ့အားကစားတစ်ခေတ်ဆန်းသစ်ထူထောင်ရန် လိုအပ်ပါကြောင်း၊ ဆရာ၊ တပည့် မျက်နှာမလိုက်ဘဲ အဂတိတရားကင်းရှင်းစွာနှင့် မှန်မှန်ကန်ကန် ရွေးချယ်မှုသာ အောင်မြင်မှုပန်းတိုင်သို့ ရောက်မည်ဖြစ်ကြောင်း၊ ကျောင်းနေအရွယ်ကလေးများ ၎င်းတို့အသက်အရွယ်အပိုင်းအခြားအလိုက် ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားစေရန် ဝါသနာပါ အားကစားတစ်ခု ဆောင်ရွက်နိုင်ရန်၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ အားကစားနည်းနယ်ပယ်အသီးသီးတွင် ရေရှည်ပေါ်ထွန်းရေးအတွက် နိုင်ငံတစ်ဝန်းရှိ မျိုးဆက်သစ်ရွက်ပုန်းသီးအားကစားသမားများ မွေးထုတ်၍ ကြိုတင်ရွေးချယ်စခန်းသွင်းလေ့ကျင့်သွားရန် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူဖော်ဆောင်သင့်ပါကြောင်းဖြင့် အကြံပြုဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက **အားကစားဝန်ကြီးဌာနအနေဖြင့် ၂၀၁၃ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ထိုက်တန်စွာအောင်မြင်မှုရရှိစေရေးအတွက် ရည်ရွယ်၍ မဏ္ဍိုင် (၅)ရပ်ပုံစံဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပထမ မဏ္ဍိုင်အဖြစ် အားကစားအဖွဲ့ချုပ်အသီးသီးတွင် ရွေးချယ်ထားသော ပဏာမလက်ရွေးစင်အားကစားသမားများကို စခန်းသွင်းလေ့ကျင့်ပေးခြင်း။**

**ဒုတိယမဏ္ဍိုင်အဖြစ် နှစ်စဉ်ကျင်းပပေးလျက်ရှိသည့် ပြည်နယ်နှင့်တိုင်းဒေသကြီး အားကစားပြိုင်ပွဲများ၊ ဝန်ကြီးဌာနပေါင်းစုံပါဝင်သော အမျိုးသားတံခွန်စိုက်အားကစားပြိုင်ပွဲများနှင့် Champion Challenge Cup ပထမအကြိမ် ပြိုင်ပွဲကိုကျင်းပ၍ ရွေးချယ် ရရှိထားသော အလားအလာရှိသည့် မျိုးဆက်သစ်အားကစားသမားများကို စခန်းသွင်း လေ့ကျင့်ပေးခြင်း။**

**တတိယမဏ္ဍိုင်အဖြစ် အလားအလာရှိသည့် မျိုးဆက်သစ်အားကစားသမားများကို စနစ်တကျရွေးချယ်ကာ အားကစားနှင့် ကာယသိပ္ပံများတွင် အခြေခံနှင့် ခေတ်မီအားကစားနည်းစနစ်များ၊ ပညာရေးသင်ခန်းစာများ၊ ကွန်ပျူတာ၊ Language Lab နှင့် ကိုယ်ရည်ကိုယ်သွေးမြင့်မားရေး သင်ကြားပေးခြင်း။**

**စတုတ္ထမဏ္ဍိုင်အဖြစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံအားကစားပြိုင်ပွဲ၊ အထက်မြန်မာပြည်/အောက်မြန်မာပြည်တက္ကသိုလ်နှင့် ကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲများမှ မျိုးဆက်သစ်အားကစားသမားများကို ရွေးချယ်စခန်းသွင်းလေ့ကျင့်ပေးခြင်း။**

**ပဉ္စမ မဏ္ဍိုင်အဖြစ် ကျင်းပလျက်ရှိသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများမှ အလားအလာရှိသည့် အားကစားသမားများကို ရွေးချယ်စခန်းသွင်းလေ့ကျင့်ပေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။**

အဆိုပါ မဏ္ဍိုင်(၅)ရပ်ဖြင့် ရွေးချယ်စခန်းသွင်းထားသော အားကစားသမားများကို ရန်ကုန်မြို့ရှိ အားကစားအဖွဲ့ချုပ်လေ့ကျင့်ရေးစခန်းများသာမက နေပြည်တော်တွင်လည်း လေ့ကျင့်ရေးစခန်းဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လယ်ဝေးမြို့နယ် အားကစားကွင်းတွင် နိုင်ငံတကာအဆင့်မီ Synthetic Track ပြေးလမ်းနှင့် အားကစားရုံများ၊ ဇမ္ဗူသီရိအားကစားဇုန်တွင် ဖူဆယ်၊ ကြက်တောင်၊ လက်ဝှေ့၊ ရိုးရာ(မွေ့)၊ ပြေးခုန်ပစ်၊ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❁

❀စာမျက်နှာ ၄ မှ
မြားပစ်အားကစားနည်းများအတွက် အားကစားကွင်း/ရုံများ Mount Pleasent Hotel အနီးတွင် Mountain Bike, BMX,Down Hill စက်ဘီးကွင်းများနှင့် ငလိုက်ဆည်တွင် လှေလှော်အားကစားနေရာများကို တည်ဆောက်လျက်ရှိပါကြောင်း။

လေ့ကျင့်စခန်းအသီးသီးတွင် ခေတ်မီအားကစားနည်းစနစ်များကို ခေတ်မီအားကစားအထောက်အကူပစ္စည်းများ၊ ပြည်တွင်းပြည်ပ နည်းပြများဖြင့် ပြင်းပြင်းထန်ထန် လေ့ကျင့်ပေးခြင်း၊ အားကစားဆေးပညာ၊ အားကစားစိတ်ပညာဖြင့် လေ့ကျင့်မှုတိုးတက်စေရန် ပံ့ပိုးပေးခြင်း၊ လေ့ကျင့်မှုအပေါ် မူတည်၍ လိုလောက်သောအာဟာရ၊ ဆေးဝါး၊ ဝတ်စုံများ၊ ထောက်ပံ့ငွေများ ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း။

လေ့ကျင့်မှုအရှိန်အဟုန်ရလာချိန်တွင် ပြည်ပ၌ သွားရောက်ပူးတွဲလေ့ကျင့်ခြင်း၊ ပြည်ပမှလေ့ကျင့်ဘက် အားကစားသမားများ ငှားရမ်းလေ့ကျင့်ခြင်း၊ လေ့ကျင့်မှုအရည်အသွေးဆန်းစစ်နိုင်ရေးအတွက် ဖိတ်ခေါ်ပြိုင်ပွဲများကျင်းပခြင်း၊ ပြည်ပပြိုင်ပွဲများကို သွားရောက်ယှဉ်ပြိုင်ခြင်းများ ဆောင်ရွက်နိုင်ရန်အတွက်လည်း စီမံဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း။

ထို့အပြင် အားကစားသမားများ စိတ်ဓာတ်မြှင့်တင်နိုင်ရေးအတွက်လည်း ဆုကြေးငွေကိစ္စများကို စီစဉ်ထားပြီးဖြစ်ပါကြောင်း။

ပြိုင်ပွဲတွင် အိမ်ရှင်နိုင်ငံအဖြစ် ထိုက်တန်စွာ အောင်မြင်မှုရရှိစေရန်အတွက် အထက်ပါအတိုင်း ဘက်ပေါင်းစုံမှ ကြိုးပမ်းပြင်ဆင်ဆောင်ရွက်လျက်ရှိသည့်နည်းတူ ပြိုင်ပွဲကြီးအောင်မြင်စွာ လက်ခံကျင်းပနိုင်ရန်အတွက် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းပေးထားပြီး ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

ပြိုင်ပွဲကျင်းပချိန်တွင် ပါဝင်ခွင့်ရရှိရန်အတွက် အဆင့်မီ ဒိုင်/ဂျူရီများ မွေးထုတ်ပေးနိုင်ရေး၊ ရွေးချယ်လေ့ကျင့်မှုများကို လည်းကောင်း၊ အရည်အချင်းမီ ဆက်ဆံရေး၊ လုပ်အားပေးလူငယ်များ မွေးထုတ်ပေးနိုင်ရေးအတွက် လျှောက်လွှာခေါ်ယူ၍ အရည်အချင်းစစ် ရွေးချယ်မှုများကိုလည်းကောင်း ပြုလုပ်နေပြီ ဖြစ်ပါကြောင်း၊ ယခုအဆိုမှာ အားကစားဝန်ကြီးဌာနအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများသာ ဖြစ်ပါသဖြင့် အဆိုအား လွှတ်တော်မှ မှတ်တမ်းတင်ပေးနိုင်ပါရန် ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ အဆိုတင်သွင်းသူက သဘောတူညီသဖြင့် လွှတ်တော်က အဆိုအဖြစ် မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် ပထမအကြိမ် အမျိုးသားလွှတ်တော်တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ညနေ ၄ နာရီတွင် ရပ်နားလိုက်သည်။

အစည်းအဝေးတွင် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းဆွေ၏ စာအုပ်(၇၅)အုပ် လှူဒါန်းခြင်းအတွက် မှတ်တမ်းတင်ခြင်း၊ တနင်္သာရီတိုင်းဒေသကြီးမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက စာကြည့်တိုက်အတွက် အလှူငွေလှူဒါန်းခြင်းကို မှတ်တမ်းတင်ခြင်း၊ မေးခွန်း(၆)ခုကို ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက ပြန်လည်ဖြေကြားခြင်း၊ ဥပဒေကြမ်း (၂)ခု ဆွေးနွေးခြင်းနှင့် အဆို(၁)ခုအား ဆွေးနွေးခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## မန္တလေးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်၌ ဆက်လက်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်နှင့် လွှတ်တော်ကိုယ်စားလှယ် (၇၂)ဦးတို့ တက်ရောက်ကြသည်။

ယနေ့ အစည်းအဝေးတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်(၁၀)ဦးက မေးမြန်းသည့် မေးခွန်း (၁၉)ခုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း၊ မန္တလေးတိုင်းဒေသကြီး ကျေးရွာထင်းစိုက်ခင်း ဥပဒေကြမ်းအား အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊ မန္တလေးတိုင်းဒေသကြီး ယစ်မျိုးခွန်ကောက်ခံရေး ဥပဒေကြမ်း၊ မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကပိုင် မော်တော်ယာဉ်လုပ်ငန်း ယာဉ်များ စနစ်တကျပြေးဆွဲရေး ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းနှင့် ဥပဒေကြမ်းများအား အတည်ပြုရန် ရက်သတ်မှတ်ခြင်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ စည်ပင်သာယာရေးအဖွဲ့များ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတို့ကို လက်ခံဆွေးနွေးရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊ တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခဲ့ပြီးဖြစ်သည့် ဥပဒေကြမ်း (၂)ခုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးရမည့်ရက် သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်ကြကာ အစည်းအဝေးကို ညနေ ၃ နာရီ မိနစ် ၂၀ တွင် ရပ်နားလိုက်သည်။ (သတင်းစဉ်)

**ပထမအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ ကျင်းပစဉ်။** (သတင်းစဉ်)

## ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့် ဘောဂသီရိအဆင့်မြင့်ယာဉ်ပြင်အလုပ်ရုံများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေး

**သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့် Max Myanmar အဆင့်မြင့်ယာဉ်ပြင် အလုပ်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၂၁

**သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပျဉ်းမနားမြို့ ဘောဂသီရိအဆင့်မြင့်ယာဉ်ပြင်အလုပ်ရုံများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။**

အဆိုပါအခမ်းအနားများသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကိုကိုဦး၊ ဒုတိယရှေ့နေချုပ်ဦးထွန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဘောဂသီရိအဆင့်မြင့် ယာဉ်ပြင်အလုပ်ရုံများအနက် မုဒိုမောင်မောင် အဆင့်မြင့်ယာဉ်ပြင် အလုပ်ရုံဖွင့်ပွဲကိုကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးကံချွန်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးမျိုးအောင်နှင့် အလုပ်ရုံပိုင်ရှင် ဦးမျိုးလွင်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး အလုပ်ရုံဆိုင်းဘုတ်ကို ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် ဒုတိယဝန်ကြီးများသည် ယာဉ်ပြင်အလုပ်ရုံအတွင်းရှိ ယာဉ်အပိုပစ္စည်းအရောင်းပြခန်း၊ အဆင့်မြင့်ကွန်ပျူတာစက်ဖြင့် အလိုင်းမင်းချိန်ခြင်း၊ အပြစ်ရှာဖွေစစ်ဆေးခြင်း၊ စက်ဖြင့် အင်ဂျင်ဝိုင်၊ အော်တိုဂီယာဝိုင် လဲလှယ်ပေးခြင်း၊ ခေတ်မီစက်ပစ္စည်းများဖြင့် အင်ဂျင်အောက်ပိုင်း စစ်ဆေးပြုပြင်ပေးခြင်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ကြူဇင်အဆင့်မြင့် ယာဉ်ပြင်အလုပ်ရုံဖွင့်ပွဲကို ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးသန်းကျော်ထူးနှင့် အလုပ်ရုံပိုင်ရှင် ဦးကြူဇင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အလုပ်ရုံဆိုင်းဘုတ်ကို ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ အလုပ်ရုံအတွင်းရှိ ကားရေဆေး၊ ဆီထိုးနှင့် အဆင့်မြင့်ကားဆေးမှုတ်လုပ်ငန်းများကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် Asia Express(Yangon) Co.,Ltd.၏ အဆင့်မြင့်ယာဉ်ပြင်အလုပ်ရုံဖွင့်ပွဲကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကိုကိုဦး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဌာနမှူး ဦးစိုးဟန်၊ အလုပ်ရုံပိုင်ရှင် ဦးအောင်အောင်နှင့် ဦးမောင်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အလုပ်ရုံဆိုင်းဘုတ်ကို ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က စက်ခလုတ်နှိပ်ဖွင့်လှစ်၍ အလုပ်ရုံအတွင်း လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် Sliver Lion Automobile Service အဆင့်မြင့်ယာဉ်ပြင် အလုပ်ရုံဖွင့်ပွဲ၊ ဇာသပြင် အဆင့်မြင့် ယာဉ်ပြင် အလုပ်ရုံ ဖွင့်ပွဲနှင့် Max Myanmar အဆင့်မြင့်ယာဉ်ပြင်အလုပ်ရုံ ဖွင့်ပွဲတို့ကို ဆက်လက်ကျင်းပသည်။

ထို့နောက် ဘောဂသီရိအဆင့်မြင့် ယာဉ်ပြင်အလုပ်ရုံ လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲကို Max Myanmar အဆင့်မြင့် ယာဉ်ပြင် အလုပ်ရုံဝင်းအတွင်းရှိ ယာယီခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က ဆွေးနွေးပြောကြားရာတွင် နေပြည်တော်တွင် အခြေခံအဆောက်အအုံများ အားလုံးနီးပါး တည်ဆောက်ပြီးစီးပြီဖြစ်သဖြင့် အဖွဲ့အစည်းအသီးသီး၏ အဆင့်မြင့်မော်တော်ယာဉ်များအား ပြုပြင်ထိန်းသိမ်းနိုင်ရေးအတွက် ခေတ်မီစက်ကိရိယာများဖြင့် ပြင်ဆင်နိုင်သည့် အဆင့်မြင့်ယာဉ်ပြင်လုပ်ငန်းများ မဖြစ်မနေလိုအပ်လာသည်ကို တွေ့ရကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ချွတ်ယွင်းပျက်စီးသွားသည့် မော်တော်ယာဉ်များကို အချိန်တိုအတွင်း ခေတ်မီစက်ကိရိယာများဖြင့် ပြင်ဆင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး ယခုကဲ့သို့ အဆင့်မြင့် ယာဉ်ပြင်လုပ်ငန်းများကို နေရာချထားပေးဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယနေ့ဖွင့်လှစ်လိုက်သည့် ဘောဂသီရိ အဆင့်မြင့်ယာဉ်ပြင်အလုပ်ရုံများသည် နေပြည်တော်၏ ယာဉ်အဝင်၊ အထွက် အများဆုံးဖြစ်သော ပျဉ်းမနားမြို့ရှောင်လမ်းနှင့် ရာဇဌာနီလမ်းဆုံ ဘောဂသီရိကားဝင်းအနီးရှိ မြေဧရိယာဧက ၁၃၀ ပေါ်တွင် (ပေ၂၀၀×ပေ၄၀၀) အဆင့်မြင့် ယာဉ်ပြင်အလုပ်ရုံ(၃၇)ကွက်နှင့် ယာဉ်ပြင်အလုပ်ရုံငယ် ၂၂ ရုံတို့ဖြင့် ဖွဲ့စည်းဖော်ထုတ်တည်ဆောက်ထားသည်။

အဆိုပါအလုပ်ရုံများ၌ မော်တော်ယာဉ် ရေဆေး၊ ဆီထိုးအလုပ်ရုံများ၊ မော်တော်ယာဉ် အလိုင်းမင်းချိန်ခြင်းနှင့် အောက်ပိုင်းပြင်ဆင်ရေးအလုပ်ရုံများ၊ မော်တော်ယာဉ်ပြင်ဆင်ရေးအလုပ်ရုံများ၊ မော်တော်ယာဉ်ကိုယ်ထည် ပြင်ဆင်ရေးနှင့် ဆေးမှုတ်လုပ်ငန်းအလုပ်ရုံများ၊ မော်တော်ယာဉ် လျှပ်စစ်ပိုင်းဆိုင်ရာ ပြင်ဆင်ရေး၊ အဲယားကွန်းပြုပြင်ရေး ဆိုင်ရာအလုပ်ရုံများ၊ စက်ယန္တရားကြီးများပြင်ဆင်ရေးနှင့် အပိုပစ္စည်းများ တင်သွင်း ရောင်းချခြင်းလုပ်ငန်းများ၊ စက်ယန္တရားနှင့် မော်တော်ယာဉ်အပိုပစ္စည်းအရောင်းပြခန်းများ၊ မော်တော်ယာဉ် တာယာနှင့် ဘက်ထရီအရောင်းပြခန်းများ၊ မော်တော်ယာဉ်စက်သုံးဆီ အရောင်းပြခန်းများကို တစ်နေရာတည်းတွင် အချိန်ကုန်သက်သာစွာဖြင့် အဆင့်မီဆောင်ရွက်နိုင်အောင် ဖွင့်လှစ်ပေးထားသည့်အပြင် စက်ယန္တရားနှင့် စက်တင်တွဲသယ်ယာဉ်များ ငှားရမ်းခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## တိုင်းရင်းဆေးသုတေသန စာတမ်းဖတ်ပွဲနှင့် ပြခန်းပြပွဲကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂၁**

မြန်မာ့တိုင်းရင်းဆေးပညာရပ်အား အတွေ့အကြုံအခြေပြု ဆေးပညာရပ်မှသည် နိုင်ငံတကာလက်ခံနိုင်မည့် သက်သေအထောက်အထားအခြေပြု ဆေးပညာရပ်အဖြစ်သို့ ပြောင်းလဲတိုးတက်လာစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနက ဦးစီးကျင်းပသော တတိယအကြိမ်တိုင်းရင်းဆေး သုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်က မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ တိုင်းရင်းဆေးပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာများ တိုင်းရင်းဆေးဆရာများ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းရှင်များ၊ စာတမ်းရှင်များ၊ နိုင်ငံခြားကောင်စစ်ဝန်ရုံးများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းရင်းဆေးခြောက်ခန်းကို ကြည့်ရှုလေ့လာကြသည်။**(ဓါတ်ပုံ)**

အဆိုပါ တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး စာတမ်းရှင်များက သုတေသနစာတမ်းအစောင် ၃၀ ကို တင်သွင်းဖတ်ကြားကြမည်ဖြစ်သည်။

စာတမ်းဖတ်ပွဲတွင် ပိုစတာ ရှစ်ခုနှင့် တိုင်းရင်းဆေးအရောင်းပြခန်း ၂၀ တို့ကို ခင်းကျင်းပြသထားမည်ဖြစ်ပြီး လာရောက်ကြည့်ရှုလေ့လာဝယ်ယူနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

# ပင်လယ်ဓားပြတိုက်ဖျက်ရေးလုပ်ငန်းအတွက် တရုတ်ရေတပ် စစ်သင်တန်းပေးလျက်ရှိ

ပေကျင်း ဖေဖော်ဝါရီ ၂၁

**တရုတ်နိုင်ငံရေတပ်သည် ဆိုမာလီကမ်းလွန်ပင်လယ်ပြင်၌ ပင်လယ်ဓားပြတိုက်ဖျက်ရေးလုပ်ငန်းအတွက် စစ်အရာရှိများအား လေ့ကျင့်သင်တန်းပေးမှုကို တိုးမြှင့်ပြုလုပ်လျက်ရှိကြောင်း ဖေဖော်ဝါရီ ၂၁ ရက် သတင်းတွင် ဖော်ပြသည်။**

တရုတ်နိုင်ငံ နန်ကင်းမြို့ရှိ ရေတပ်ကောလိပ်၌ ပထမအသုတ်အဖြစ် ရေတပ်အရာရှိ ၈၄ ဦးကို သင်တန်းပေးလျက်ရှိကြောင်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သတင်းစာက ရေးသားဖော်ပြသည်။

တရုတ်နိုင်ငံသည် ၂၀၀၈ ခုနှစ် ဒီဇင်ဘာလက ပင်လယ်ဓားပြတိုက်ဖျက်ရေး ကင်းလှည့်စောင့်ကြပ်မှုများတွင် ပထမဆုံးအကြိမ်ပါဝင်ခဲ့သည်။ ဧဒင်ပင်လယ်ကွေ့၌ ခုတ်မောင်းသော ကုန်သွယ်ရေကြောင်းသင်္ဘောများအား ကာကွယ်စောင့်ရှောက်ပေးသော နိုင်ငံတကာရေတပ် တပ်ပေါင်းစုတွင်ပါဝင်ခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် ၂၀၀၈ ခုနှစ် ဒီဇင်ဘာလနောက်ပိုင်း ပင်လယ်ဓားပြတိုက်ဖျက်ရေး အထူးတာဝန်များကို ၁၂ ကြိမ်တိုင်တိုင်ထမ်းရွက်ခဲ့သည်။ **အင်တာနက်။**

ပင်လယ်ဓားပြတိုက်ဖျက်ရေးလုပ်ငန်း၌ပါဝင်သော တရုတ်ရေတပ်စစ်သင်္ဘောတစ်စင်းကို တွေ့ရစဉ်။

# အီရန်ကို အဆောတလျင် မတိုက်ရန် အစ္စရေးအား အမေရိကန်နှင့် ဗြိတိန်တိုက်တွန်း

ဂျေရုဆလင် ဖေဖော်ဝါရီ ၂၁

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်များကို စစ်ရေးအရ ထိုးနှက်တိုက်ခိုက်မှု မလုပ်ဆောင်ရန် အစ္စရေးနိုင်ငံအား အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့က ဖေဖော်ဝါရီ ၁၉ ရက်တွင် တိုက်တွန်းခဲ့ကြောင်း သိရသည်။

အီရန်နျူကလီးယား အစီအစဉ်နှင့်ပတ်သက်၍ တင်းမာမှုများ ပေါ်ပေါက်လျက်ရှိသော အရှေ့အလယ်ပိုင်းဒေသသို့ အမေရိကန်သမ္မတ၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေး ရောက်ရှိနေပြီဖြစ်ရာ အီရန်အား အစ္စရေးက စစ်ရေးအရ တိုက်ခိုက်နိုင်သည်ဟူသည့် နိုင်ငံတကာအမြင်များကို ထင်ဟပ်လျက်ရှိသည်။

နျူကလီးယားအစီအစဉ်ကို တားဆီးရေးအတွက် အီရန်နိုင်ငံအား အစ္စရေးက လက်ဦးမှုယူတိုက်ခိုက်ပါက အရှေ့အလယ်ပိုင်းဒေသတစ်ခွင်လုံး မမျှော်မှန်းနိုင်သည့်နောက်ဆက်တွဲအကျိုးရလဒ်များဖြင့် ကြုံတွေ့ရမည်ဖြစ်ကြောင်း အမေရိကန်ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ဥက္ကဋ္ဌနှင့် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးတို့က သတိပေးထားသည်။

အီရန်နိုင်ငံသည် နျူကလီးယားဗုံး လက်ဝယ်ရရှိရေးအတွက် ကြိုးပမ်းနေကြောင်း အစ္စရေးနှင့် အနောက်အုပ်စုနိုင်ငံများက ယုံကြည်ထားသော်လည်း ယင်းစွပ်စွဲချက်ကို အီရန်က ငြင်းပယ်ထားသည်။

သို့ရာတွင် တွေးထင်ထားသည့်အတိုင်း အီရန်၌ နျူကလီးယားလက်နက်ပိုင်ဆိုင်လာပြီးနောက် ခြိမ်းခြောက်မှုများ ဖြစ်ပေါ်လာပါက မည်သို့တုံ့ပြန်ရမည်ဆိုသောအချက်နှင့် ပတ်သက်၍ အစ္စရေးနှင့် အနောက်အုပ်စုအကြား အမြင်ကွဲပြားမှုများ ပေါ်ပေါက်လျက်ရှိသည်။

အငြင်းပွားဖွယ် နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ အီရန်နိုင်ငံအပေါ် ချမှတ်ထားသော နိုင်ငံတကာ ပိတ်ဆို့အရေးယူမှုများ၏ ထိရောက်မှုအတိုင်းအတာကို သိရှိနိုင်ရန် အစ္စရေးအနေဖြင့် အချိန်ပေးသင့်ကြောင်း အမေရိကန်ပြည်ထောင်စုနှင့်ဗြိတိန်တို့က တိုက်တွန်းထားသည်။

***အင်တာနက်။***

# ဆိုမာလီစစ်သွေးကြွများ ကလေးများကို ကျည်ကာအဖြစ် အသုံးချနေ

မိုဂါဒစ်ရှူး ဖေဖော်ဝါရီ ၂၁

**အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်ဆံမှုရှိသည့် ဆိုမာလီအယ်လ်ရှာဘတ်သူပုန်များသည် အစိုးရတပ်ဖွဲ့များနှင့် တိုက်ခိုက်နေသော စစ်မြေပြင်၌ (၁၀)နှစ်အရွယ်ကလေးများအား ကျည်ကာအဖြစ်အသုံးပြုလျက်ရှိကြောင်း လူ့အခွင့်အရေးစောင့်ကြည့်သည့်အဖွဲ့တစ်ဖွဲ့က ဖေဖော်ဝါရီ ၂၁ ရက်တွင် ပြောကြားသည်။**

အယ်လ်ခိုင်ဒါ အကြမ်းဖက်ကွန်ရက်နှင့် ဆက်စပ်မှုရှိသည့် ဆိုမာလီ အယ်လ်ရှာဘတ် စစ်သွေးကြွများကို တွေ့ရစဉ်။

၎င်းတို့၏ရင်သွေးများကို စစ်မြေပြင်သို့အဓမ္မခေါ်ဆောင်ခြင်းမှ ကာကွယ်မှုပေးရန် ကြိုးစားကြသည့် မိဘများမှာ စစ်သွေးကြွတို့၏သတ်ဖြတ်ခြင်းကို ခံကြရသည်ဟု ဆိုသည်။

အတန်းဖော်ကျောင်းသား ၁၀၀ခန့်ရှိသည့်အနက် ၎င်းအပါအဝင် နှစ်ဦးသာလျှင် အသက်မသေလွတ်မြောက်ခဲ့၍ ကျန်ကျောင်းသားအားလုံး အသတ်ခံကြရသည်ဟု ၁၅ နှစ်အရွယ်လူငယ်တစ်ဦးက တွေ့ဆုံမေးမြန်းရာတွင် ပြောကြားကြောင်း သတင်းတွင် တင်ပြထားသည်။

ဆိုမာလီယာနိုင်ငံ တောင်ပိုင်းနှင့် အလယ်ပိုင်းမှ နယ်မြေအများစုကို ထိန်းချုပ်ထားသည့် အယ်လ်ရှာဘတ်သူပုန်တို့သည် ၂၀၀၇ ခုနှစ်ကတည်းက ဆိုမာလီယာအစိုးရအဖွဲ့ကို ဆန့်ကျင်တိုက်ခိုက်လျက်ရှိသည်။ **အင်တာနက်။**

# ဂျပန်၌ ဆူနာမီအမှိုက်သရိုက်များ၏ ငါးရာခိုင်နှုန်းကိုသာ ရှင်းနိုင်သေး

တိုကျို ဖေဖော်ဝါရီ ၂၁

ဂျပန်နိုင်ငံသည် လွန်ခဲ့သောနှစ်က ဆူနာမီရေလှိုင်းရိုက်ခတ်မှုနှင့်မြေငလျင်လှုပ်မှုတို့ကြောင့် ဖြစ်ပေါ်ခဲ့ရသော အပျက်အစီးအပိုင်းအစအမှိုက်သရိုက်များ၏ ငါးရာခိုင်နှုန်းကိုသာ ရှင်းလင်းနိုင်သေးကြောင်း အစိုးရက ဖေဖော်ဝါရီ ၂၁ ရက်တွင် ပြောကြားလိုက်သည်။ ဖူကူရှီးမား နျူကလီးယားစက်ရုံ မတော်တဆမှုကြောင့် အဏုမြူရောင်ခြည်ညစ်ညမ်းမှု ဘေးအန္တရာယ်နှင့် ပတ်သက်၍ စိုးရိမ်မှုများ ပေါ်ပေါက်နေစဉ်အစိုးရက ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သည့်နှစ်က ကျရောက်ခဲ့သော သဘာဝဘေးအန္တရာယ်ဆိုးကြီးနှစ်ရပ်ကြောင့် နိုင်ငံ၏အရှေ့မြောက်ဘက် ပင်လယ်ကမ်းရိုးတန်းဒေသများရှိ လူနေဒေသများမှာ ပျက်စီးခဲ့ရပြီး တန်ချိန် ၂၃သန်းခန့် ပမာဏရှိ အမှိုက်ထုကြီးကို ဖြစ်ပေါ်စေခဲ့သည်။ သဘာဝဘေးဒဏ်ကို ခံခဲ့ကြရသော မီယာဂီ၊ ဖူကူရှီးမားနှင့် အီဝက် ပြည်နယ်များတွင် အမှိုက်သရိုက်များဖြစ်ပေါ်ခဲ့သည်။

သဘာဝဘေးဒဏ်သင့်ဒေသများတွင် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ထုထည်ကြီးမားလှသော အမှိုက်သရိုက်များကို ရှင်းလင်းရန်လိုအပ်လျက်ရှိသည်။

အမှိုက်ပြဿနာကို ၂၀၁၄ မတ်လနောက်ဆုံးထား၍ ရှင်းလင်းရန် အစိုးရက ရည်မှန်းထားသည်။ သို့ရာတွင် ထိုသို့ အချိန်မီဖြေရှင်းနိုင်ရန် အလွန်ခက်ခဲမည် ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနက ပြောကြားခဲ့သည်။ **အင်တာနက်။**

*ဂျပန်နိုင်ငံ ဖူကူရှီးမားပြည်နယ်၌ ဆူနာမီ အမှိုက်သရိုက်များကို ရှင်းလင်းစဉ်။*

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့တော် ဆင်ခြေဖုံးဒေသရှိ စစ်ဘေးဒုက္ခသည်များ၏ ဒုက္ခသည်စခန်းတစ်ခုမှ အအေးဒဏ်ခံနေရသော ကလေးများကို တွေ့ရစဉ်။

# ပြင်းထန်သော အာဖဂန်ဆောင်းရာသီကြောင့် ကလေး ၄၀ နီးပါးမျှ သေဆုံးခဲ့ရ

ကဘူး ဖေဖော်ဝါရီ ၂၁

ပြီးခဲ့သည့်လအတွင်း အာဖဂန်နစ္စတန်နိုင်ငံ၌ ပြင်းထန်သော ဆောင်းရာသီကျရောက်မှုကြောင့် ကလေး ၄၀ နီးပါး သေဆုံးခဲ့ရာ အများစုမှာ ကဘူးမြို့တော်အတွင်းရှိ ဒုက္ခသည်စခန်းများ၌ နေထိုင်ကြသူများ ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၉ ရက် သတင်းများတွင် ဖော်ပြထားသည်။

ကဘူးမြို့တော် ဆင်ခြေဖုံးဒေသများမှ ဒုက္ခသည်စခန်းများတွင် မှီခိုနေထိုင်ကြရသော ကလေး ၂၄ ဦးသည် ပြင်းထန်သည့် အအေးဒဏ်ကြောင့် သေဆုံးခဲ့ရသည်။ ယင်းဒုက္ခသည်စခန်းများသည် အာဖဂန်နစ္စတန်တောင်ပိုင်း၌ ဖြစ်ပွားနေသည့် စစ်ရေးပဋိပက္ခများကြောင့် ထွက်ပြေးတိမ်းရှောင်လာကြရသူ အာဖဂန်ပြည်သူများအတွက် ခိုလှုံရာနေရာများ ဖြစ်ကြသည်။

အအေးဒဏ်ကြောင့် သေဆုံးခဲ့ရသူ ကျန်ကလေးငယ်များသည် အာဖဂန်နစ္စတန်အလယ်ပိုင်း ကုန်းမြင့်ဒေသများမှ ဖြစ်ကြောင်း အာဖဂန်ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားခဲ့သည်။

တောင်ကုန်းတောင်တန်းထူထပ်ပြီး ကုန်းတွင်းပိတ်နိုင်ငံဖြစ်သော အာဖဂန်နစ္စတန်သည် ၁၅ နှစ်တာ ကာလအတွင်း အပြင်းထန်ဆုံး ဆောင်းရာသီနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ ရာသီဥတုအခြေအနေမှာ ပိုဆိုးလာမည်ဟု မျှော်လင့်ရပြီး ဒုက္ခသည်စခန်းများ၌ မှီခိုနေထိုင်ကြရသူကလေးများမှာ အအေးဒဏ်၏ ခြိမ်းခြောက်မှုကို အများဆုံးခံစားကြရမည်ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ ပရဟိတအဖွဲ့အစည်းတစ်ရပ်က ပြောကြားခဲ့သည်။

၁၅ နှစ်အတွင်း အပြင်းထန်ဆုံး ကျရောက်ခဲ့သည့် ဆောင်းရာသီကြောင့် အာဖဂန်နစ္စတန်နိုင်ငံ၌ အပူချိန်သည် ၁ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်အထိ ကျဆင်းလာဖွယ်ရာရှိသည်။ ***အင်တာနက်။***

# ထိုင်းနိုင်ငံ ပြည်နယ်များ၌ ကာလရှည်မိုးခေါင်မှုဖြစ်ပေါ်

ဗန်ကောက် ဖေဖော်ဝါရီ ၂၁

ထိုင်းနိုင်ငံရှိ ပြည်နယ် ၇၇ ခုအနက် ၁၅ ပြည်နယ်၌ ကာလရှည်မိုးခေါင်မှုဖြစ်ပေါ်ခဲ့ကြောင်း သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးဌာနက ဖေဖော်ဝါရီ ၂၁ ရက်တွင် ပြောကြားသည်။

ပြည်နယ် ၁၅ ခုရှိ ခရိုင်ပေါင်း ၁၀၉ ခု၌ တည်ရှိသော ကျေးရွာပေါင်း ၆၇၆၈ ရွာတွင် ကာလရှည်မိုးခေါင်မှုဒဏ်ကို ခံစားကြရကြောင်း အဆိုပါဌာန၏ ညွှန်ကြားရေးမှူးချုပ် ဝိဘူလ်ဆန်ဂွန်ပေါင်က ပြောကြားသည်။

မိုးခေါင်မှုဖြစ်ပွားခဲ့သော ပြည်နယ်များအနက် ပြည်နယ် ၁၀ခုမှာနိုင်ငံမြောက်ပိုင်း၌တည်ရှိသည်။ထိုင်းနိုင်ငံသည်နှစ်ပေါင်း ၅၀နီးပါးကာလအတွင်းအဆိုးရွားဆုံးသောရေလွှမ်းမိုးမှုမှပြန်လည်နာလန်ထူစ အခြေအနေတွင်သာ ရှိနေပြီး ယင်းရေလွှမ်းမိုးမှုကြောင့် လူ ၈၀၀ ကျော်သေဆုံးခဲ့ရသည်။

**ဆင်ဟွာ။**

# ရေအရင်းအမြစ်ရှားပါးမှုပြဿနာ တရုတ်နိုင်ငံ တွေ့ကြုံလာနိုင်

ပေကျင်း ဖေဖော်ဝါရီ ၂၁

တရုတ်နိုင်ငံသည် အနာဂတ်ကာလ၌ ရေအရင်းအမြစ်များ ရှားပါးသည့်ပြဿနာကို ဆိုးဆိုးရွားရွား တွေ့ကြုံလာရနိုင်ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အား ကိုးကားလျက် ဒေသဆိုင်ရာသတင်းဌာနများက ဖေဖော်ဝါရီ ၂၀ရက်တွင် သတင်းထုတ်ပြန်သည်။

စက်မှုလုပ်ငန်းများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့် မြို့ပြဒေသများ ပိုမိုကျယ်ပြန့်လာခြင်းတို့၏ အကျိုးဆက်တစ်ရပ်အဖြစ် အနာဂတ်ကာလတွင် ရေလိုအပ်ချက် အထူးတလည်ကြီးမားလာနိုင်ကြောင်း ရေအရင်းအမြစ်များဝန်ကြီးဌာန ဒုတိယဝန်ကြီး ဟူစီယီက ပြောကြားသည်။ ရေရှားပါးပြတ်လပ်ခြင်း၊ မြစ်များအတွင်း ဆိုးဆိုးရွားရွား ရေထုညစ်ညမ်းခြင်းနှင့်ရေဆိုင်ရာ ဂေဟစနစ်ပျက်ပြားခြင်းတို့သည် တရုတ်နိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ခြိမ်းခြောက်နိုင်ကြောင်း ၎င်းက ပြောကြားသည်။

လူဦးရေ ၁ ဒသမ ၃ ဘီလီယံရှိ တရုတ်နိုင်ငံ၌ ပြည်သူများ၏ ရေသုံးစွဲမှုမှာ တစ်နှစ်လျှင် ရေကုဗမီတာ ဘီလီယံ ၆၀၀ ကျော်ရှိကြောင်း၊ ယင်းမှာ ထုတ်ယူသုံးစွဲနိုင်သော ရေအရင်းအမြစ်၏ လေးပုံသုံးပုံခန့်ရှိကြောင်း ၎င်းက ပြောကြားသည်။

**အင်တာနက်။**

# ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ကမ္ဘာသို့ပါ ကျော်ကြားသည့် လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်၏ နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် စေတီတော်ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ရွှေတိဂုံစေတီတော်တွင် ဌာပနာမည့် ဆံတော်မြတ်များအား ပင့်ဆောင်ခဲ့ရာ၌ ပင့်ဆောင်ရာလမ်းတစ်လျှောက်ရှိ ဒေသများတွင် ဆံတော်ကြိုစေတီများ တည်ထားပူဇော်ခဲ့သည်။ ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀) ပြည့် ပွဲတော်ကျင်းပရာ၌ ဆံတော်ကြိုစေတီများ တည်ထားရာဒေသများဖြစ်သည့် ကွမ်းခြံကုန်း၊ ကော့မှူးနှင့် တွံတေးမြို့နယ်အတွင်းရှိ ဆံတော်ကြိုစေတီများနှင့် ရန်ကုန်မြို့ရှိ ဆံတော်ကြိုစေတီတစ်ဆူဖြစ်သည့် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်တို့၌ ရွှေတိဂုံစေတီတော် ပုံတူရွှေသား စေတီ၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေသင်္ကန်းတော်များအား ပွဲတော်အကြိုကာလဖြစ်သည့် ဖေဖော်ဝါရီ ၁၁ ရက်မှ ၂၁ ရက်အထိ လှည့်လည်အပူဇော်ခံခဲ့သည်။

နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော်၌ ပျော်ပွဲရွှင်ပွဲများကိုလည်း ထည့်သွင်းထားရာ တပေါင်းလဆန်း ၁ ရက်မှ တပေါင်းလပြည့်နေ့(ဖေဖော်ဝါရီ ၂၂ရက်မှ မတ် ၇ ရက်)အထိ ရွှေတိဂုံစေတီတော်ပရိဝုဏ် ထန်းပင်ကုန်းကွင်း၊ ခေတ္တရာကွင်းနှင့် အနောက်ကားကွင်းတို့၌ ရုပ်သေး၊ သီရိရာမဇာတ်၊ ရုပ်ရှင်၊ အငြိမ့်နှင့်ခြင်းလုံးခတ်ပွဲများ၊ ရွှေတိဂုံစေတီတော် သမိုင်းပြဇာတ်များ ကပြဖျော်ဖြေမည်ဖြစ်သည်။

အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲ၊ ဓမ္မဒေသနာတော်များ ရွတ်ဆိုပူဇော်ပွဲနှင့် ဓမ္မကထိက ဆရာတော်ကြီးများ၏ တရားပွဲများကိုလည်း ကျင်းပသွားမည်ဖြစ်သည်။ ထေရဝါဒ တရားအလှူပွဲအဖြစ် ဖေဖော်ဝါရီ ၂၂ ရက်မှ မတ် ၇ ရက်အထိ ၁၅ ရက်တိုင် ရွှေတိဂုံစေတီတော်တောင်ဘက်မုခ်အနီး တပ်မတော်မွှေရုံ၌ ညစဉ် ည ၇ နာရီခွဲတွင် တရားပွဲများ ကျင်းပသွားမည်ဖြစ်သည်။ ဖေဖော်ဝါရီ ၂၅ ရက်တွင် သံဃာတော်အပါး(၂၆၀၀) ဖြင့် စေတီတော်အား ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပြီး ဆွမ်းဆန်တော်လောင်းလှူကြမည်ဖြစ်သည်။

ယနေ့ညပိုင်းတွင် ရွှေတိဂုံစေတီတော်၌ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။ ရွှေတိဂုံစေတီတော်နှင့် အရန်စေတီများ၊ တန်ဆောင်းများ၌ လျှပ်စစ်မီးအလှများ မြိုင်မြိုင်ဆိုင်ဆိုင် ထွန်းညှိပူဇော်ထားသည်ကိုလည်း တွေ့ရသည်။ စေတီတော်ရင်ပြင်၌ နှစ်(၂၆၀၀)ပြည့် အထိမ်းအမှတ် အမှတ်တရ အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ ဝယ်ယူအားပေးသူများအထူးများပြားသည်ကို တွေ့ရသည်။

(သတင်းစဉ်)

**ရွှေတိဂုံစေတီတော်၏ နှစ်(၂၆၀၀) ပြည့် ဗုဒ္ဓပူဇနီယပွဲတော်၌ စေတီတော်အား လျှပ်စစ်မီးအလှများ မြိုင်မြိုင်ဆိုင်ဆိုင် ထွန်းညှိပူဇော်ထားသည်ကို တွေ့ရစဉ်။**

(သတင်းစဉ်)

# ကုန်သွယ်မှုမြန်ဆန်လာသည့်မြဝတီ ပြုပြင်ပြောင်းလဲမှုများလိုအပ်လာပြီ

**ဇေယျာ(မိုင်ရာ)**

**မြဝတီမြို့သည် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ နယ်စပ်တံခါးပေါက် သုံးခုအနက် စီးပွားရေးမြို့တော် ရန်ကုန်မြို့နှင့် ဆက်သွယ်သွားလာရာတွင် ခရီးလမ်းအတိုဆုံးနှင့် စရိတ်အသက်သာဆုံး တံခါးပေါက်ဖြစ်သည်။ မြဝတီနယ်စပ်ဂိတ်ကို ၁၇ လကြာ ပိတ်ထားခဲ့ရာမှ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်။**

***မြဝတီ-သဃ်န်းညီနောင်အဆင်း ဒေါနတောင်တန်းတစ်နေရာ၌ မော်တော်ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်မှု။***

တရားဝင်နယ်စပ်ဂိတ် ဖွင့်လှစ်လိုက်မှုကြောင့် မြန်မာ - ထိုင်းချစ်ကြည်ရေးတံတားနှင့် မြဝတီကုန်သွယ်ရေးဇုန်တို့မှ ကုန်သွယ်မှုမှာ ပိုမိုတိုးတက်လာပြီး ကုန်စည်စီးဆင်းမှုမှာ မြန်ဆန်လာသည်။ ကုန်ပစ္စည်းတင်ပို့မှုအနေဖြင့် မြန်မာနိုင်ငံဘက်မှ ရေထွက်ကုန်ပစ္စည်းများ အများဆုံး တင်ပို့ကြပြီး ထိုင်းနိုင်ငံဘက်မှ စားသုံးကုန်၊ လူသုံးကုန်ပစ္စည်းများနှင့် လယ်ယာသုံး၊ စက်ကိရိယာများကို တင်သွင်းကြသည်။ ထိုင်းနိုင်ငံဘက်မှ လက်ကားပြန်လည်ရောင်းချရန် တင်သွင်းသူများရှိသကဲ့သို့ ကိုယ်တိုင်အသုံးပြုကြရန် တစ်ပိုင်တစ်နိုင် တင်သွင်းလာသူများလည်းရှိသည်။ "မြဝတီကုန်သွယ်ရေးဇုန်ကို ယာယီအနေဖြင့်သာ ဖွင့်လှစ်ပြီး ကုန်သွယ်မှုပြုလုပ်နေတာ ရာနှုန်းပြည့်မပြီးသေးလို့ ဖွင့်ပွဲတောင်မလုပ်ရသေးဘူး၊ ခုတော့ နယ်စပ်ဂိတ်ကို ဖွင့်လိုက်ပြီဆိုတော့ ကုန်ရုံတွေကို ပြီးစီးအောင် တည်ဆောက်ဖွင့်လှစ်နိုင်မယ်ထင်ပါတယ်၊ ဒီဘက်ကသာ ကုန်သွယ်ရေးဇုန် တည်ဆောက်ပြီး လည်ပတ်နေတာပါ၊ ထိုင်းဘက်ကတော့ ကုန်သွယ်ရေးဇုန်ကို အခုမှ တည်ဆောက်ဖို့ စီစဉ်နေတာ"ဟု မြဝတီ ကုန်သည်ကြီးတစ်ဦးထံမှ သိရသည်။

ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးအနေဖြင့် မြဝတီ - ဘားအံခေါက်တိုယာဉ်များကို Van၊ Supercustom၊ ဟိုင်းလပ်စသည့် ယာဉ်များဖြင့် ပြေးဆွဲလျက်ရှိသည်။ တချို့က မြဝတီမှ ဘားအံသို့ ခေါက်တိုပြေးဆွဲသည့် ယာဉ်ငယ်များဖြင့် ဆင်းကြပြီး မိမိနေရပ်ဒေသများသို့ ဆက်စီးကြသည်။ ရန်ကုန်မြို့မှ တစ်ပိုင်တစ်နိုင် တင်သွင်းသူအများစုက မြဝတီ - ရန်ကုန် တိုက်ရိုက်ပြေးဆွဲသည့် ယာဉ်လိုင်းများကို ရွေးချယ်စီးနင်းကြကြောင်းသိရသည်။

ဒေါနတောင်တန်းရှိ လမ်းများကို အတက်နှင့်အဆင်း တစ်ရက်စီ သတ်မှတ်ထားသော်လည်း အချို့မှာ စည်းကမ်းဖောက်အတက်၊ အဆင်းပြုလုပ်ကြသည့်အတွက် တောင်ပေါ်ကားလမ်းများမှာ မကြာခဏ ပိတ်ဆို့မှုများရှိသည်ကို သိရသည်။ လမ်းပိတ်ဆို့ရသည့် အကြောင်းရင်းများစွာ အနက် လမ်းများလွန်စွာ ဆိုးရွားခြင်း၊ တချို့နေရာများတွင် ကတ္တရာလမ်းပင်မရှိတော့ဘဲ မြေသားလမ်း သာသာပင်ရှိနေခြင်း၊ ကုန်မတန်တဆ တင်ဆောင်လာသည့် ယာဉ်များကြောင့် တောင်ပေါ်လမ်းများတွင် ယာဉ်တိမ်းမှောက်ခြင်း၊ ပိတ်ဆို့ရပ်တန့်စစ်ဆေးရာ စခန်းများ၌ စနစ်ကျနမှုမရှိခြင်း စသည်တို့ကြောင့် အများဆုံးဖြစ်သည်ကို တွေ့ရသည်။ "မြဝတီ -သဃ်န်းညီနောင်အထိ လမ်းအသစ်ဖောက်တော့မယ်ထင်တယ်၊ တာဝန်ရှိသူတွေက စီစဉ်နေကြတယ်၊ အဲဒီလမ်း လုပ်ဖြစ်သွားရင်တော့ ခရီးလမ်းကြာချိန် ကျုံ့သွားမှာဗျ၊ လမ်းလဲ ပိုကောင်းမှာပါ၊ ဒီ ဒေါနတောင်တန်းလမ်းကိုလည်း ပြင်သင့်ပါတယ်၊ တကယ့်ကုန်စည်စီးဆင်းနေတဲ့ အာရှလမ်းမကြီး ဖြစ်တော့မှာလေ၊ အခုတော့ ငြိမ်းချမ်းရေးလည်း ယူပြီးပြီဆိုတော့ ကရင်ပြည်နယ်ရဲ့ မတိုးတက်သေးတဲ့ နေရာတော်တော်များများ တိုးတက်လာမယ်ထင်ပါတယ်" ဟု ဘားအံမှ ကုန်သည်တစ်ဦးက ရင်တွင်းခံစားချက်ကို ပြောပြသည်။

မြဝတီမြို့၌ စက်မှုဇုန်တစ်ခုကို မကြာမီ တည်ဆောက် အကောင်အထည်ဖော်နိုင်ရန်အလားအလာများရှိကြောင်း သိရသည်။ စက်မှုဇုန်များ တည်ဆောက်ပြီးပါက ပြည်ပနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုများ ရရှိလာနိုင်သည်။ ကုန်သွယ်ရေးဇုန်များ ပိုမိုအသက်ဝင်လာခြင်း၊ စက်မှုဇုန်များ ပေါ်ထွန်းလာခြင်း၊ လမ်းပန်းဆက်သွယ်မှုများ ဖြောင့်ဖြူးလာခြင်းများသာ ပြည့်စုံလာပါက နိုင်ငံ၏စီးပွားရေး ပိုမိုတိုးတက်လာမည်ဖြစ်သကဲ့သို့ နိုင်ငံ၏ နယ်စပ်မြို့ဖြစ်သည့်အတွက် ခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာနိုင်ကာ နိုင်ငံအတွက် များစွာအကျိုးရှိလာမည်မှာ မုချဧကန်ပင် ဖြစ်သည်။ ။

***ဒေါနတောင်တန်းပေါ်၌ လူစီးယာဉ်တစ်စီးနှင့် ကုန်တင်ဟိုင်းလပ်ယာဉ် တစ်စီးတို့ အပြိုင်မောင်းနှင်မှု။***

# မပြောမပြီး မတီးမမြည်

**သာထူးမောင်**

"သယ် . . . ဇာတ်ဆရာက ထွက်ဟ-ထွက်ဟလို့ မောင်းထုတ်တာနဲ့ ပရိသတ်ရှေ့မှောက်ထွက်သာလာရတယ်၊ ကိုယ့်ကိုယ်ကိုယ် ဘာကောင်မှန်းမသိသေးဘူး" ဆိုတဲ့ လူရွှင်တော်ကြီးများရဲ့ ပြက်လုံးလိုပါပဲဗျာ။ စာတည်းမှူးချုပ်ကြီးက နိုင်ငံ့အကျိုးစီးပွား၊ ပြည်သူ့အကျိုးစီးပွားကို ဦးတည်တဲ့ ဆောင်းပါးတိုတွေ ပင်တိုင်ရေးဖို့၊ ပြည်သူ့အသံကို နားစွင့်ဖို့၊ ပြည်သူ့ဆန္ဒကို ထင်ဟပ်ဖို့၊ ပြည်သူပြည်သားတွေရဲ့ နေ့စဉ်ဘဝတွေနဲ့ နီးကပ်ဖို့ ဆိုပြီး ကွမ်းတမြုံ့မြုံ့ဝါးရင်းနဲ့ ဩဝါဒတွေပေးတော့ကာ ခုနင်က ပြောသလို ရုတ်တရက် ဘာကစလုပ်ရမှန်းမသိတော့ပါဘူး။

ပြောစရာတွေကတော့ အများကြီးပေပ။ ဒါပေမယ့်လည်း အမေမွေးကတည်းက ပါလာတဲ့ ဒီပါးစပ်က စေ့ထားခဲ့တာကြာပြီလေ။ ပါးစပ်ရဲ့ သဘာဝပေးတာဝန်က နှစ်ခုရှိပါတယ်။ တစ်ခုက စားဖို့၊ နောက်တစ်ခုက ပြောဖို့တဲ့ဗျ။ အကြောင်းအမျိုးမျိုးတွေကို ဆင်ခြင်ပြီးသကာလ ဒီပါးစပ်ကို စားဖို့တစ်မျိုးပဲ အသုံးပြုခဲ့ပြီး ပြောဖို့နေရာမှာ အသုံးမချခဲ့တာကြာပြီဆိုတော့ ရုတ်တရက်တော့လည်း ပါးစပ်ကဟလို့မရဘူးပေါ့လေ။

ဒါပေမယ့်လည်း သတင်းသမားဆိုတာ ပြည်သူထဲက ပြည်သူပါပဲ။ ပြည်သူတွေနဲ့ အတူတူဘတ်စ်ကားတိုးစီး၊ ပြည်သူတွေလိုပဲ စပယ်ယာက ထိုးသိပ်တွန်းထည့်တာခံရ။ အကြွေပြန်မအမ်းတာလည်း အတူတူ(ဟိုတုန်းက ပြောပါတယ်)။ မြို့ထဲရောက်တော့လည်း ပလက်ဖောင်းတွေပေါ် ခုန်လိုက်ပျံလိုက်၊ ဈေးသည်တွေကြား တိုးလိုက်ဝှေ့လိုက်၊ တိုးမရပြန်ရင်လည်း ကားလမ်းပေါ် ဆင်းလျှောက်လိုက် (အများပြည်သူနည်းတူပေါ့ဗျာ)။ တစ်ခါတလေ အိမ်က မဒမ်နဲ့ ဆွဲခြင်းလေးဘာလေးကိုင်ရင်း ဈေးလိုက်သွား (ကုန်ဈေးနှုန်းတွေအကြောင်းလည်းသိသပေါ့)။ ရပ်ကွက်ထဲမီးပျက်ပြီဆိုရင်လည်း သတင်းစာဆရာအိမ်မို့လို့ဆိုပြီး လင်းကျန်နေခဲ့တာမှမဟုတ်တာ။

ဒါနဲ့တောင် တချို့တွေက အထင်လွဲကြတာရှိသေးတယ်။ သတင်းထောက်ဘဝမှာ ရပ်ကွက်ထဲလျှောက်သွားရင် ကိုယ့်ကိုမြင်တာနဲ့ တီးတိုးတီးတိုးပြောနေကြတာ ရပ်သွားကြတယ်။ "သတင်းထောက်ဆိုတာသတင်းပဲ ရေးတာပါဗျာ၊ ခင်ဗျားတို့ တီးတိုးတီးတိုးပြောတာတွေကို ရေးတာမဟုတ်ပါဘူး" လို့ ရှင်းပြပြန်တော့-

"ဟိုစက်ရုံ မီးလောင်တဲ့သတင်းမပါဘူးလားဗျ"

"ဟိုဘက်ရပ်ကွက်က ကောင်မလေးကိုယ့်ကိုယ်ကိုယ်သတ်သေတဲ့ သတင်းကောမရေးဘူးလား" စတဲ့မေးခွန်းတွေ မေးကြပြန်ရော။ သူတို့ကို မူဝါဒတွေ ရှည်ရှည်လျားလျား ရှင်းပြနေရင်လည်း ရှင်းလေလေ ရှုပ်လေလေ ဖြစ်ကုန်မှာစိုးလို့ အသာပဲလစ်ထွက်လာခဲ့ရပါတယ်။

အစိုးရသတင်းတွေ၊ ဌာနတွေရဲ့ သတင်းတွေပဲရေးတယ်ဆိုပေမယ့် အဲဒီဌာနဆိုင်ရာတွေကလည်း သတင်းစာသမားကို နားလည်မှုရှိလိမ့်မယ် မထင်ပါနဲ့ဗျာ။

သတင်းကိစ္စနဲ့ ဌာနတစ်ခုကိုရောက်တော့ အဲဒီကအရာရှိတစ်ယောက်က "ခင်ဗျားတို့သတင်းစာမှာ စာတဲ၊ စာတဲနဲ့ ဘာလဲဗျ စာတဲဆိုတာ" လို့ မေးခွန်းထုတ်ဖူးတယ်။"စာတဲမဟုတ်ပါဘူး ဆရာရယ်၊ စာတည်း(စာတီး)ပါ၊ အယ်ဒီတာကိုခေါ်တာ" လို့ ရှင်းပြလိုက်တော့မှ "ဩော် - စာတဲဆိုတာ အယ်ဒီတာကိုး" တဲ့။

ပြဿနာတစ်ခုကလည်းရှိသေးတယ်။ အဲဒါကတော့ သူတို့သတင်းစာထဲမှာ ပါသွားရင် ပြဿနာတက်တတ်တယ်ဆိုတဲ့ အယူအစွဲတွေ ရှိနေကြတာပါ။ သတင်းစာသမားဆိုရင် ဖွတတ်တဲ့လူတွေလို့မြင်ကြတာ ကျွန်တော်တို့ မြန်မာ့လူ့အဖွဲ့အစည်းမှာ ဘယ်တုန်းကတည်းက အရိုးစွဲနေမှန်းမသိပါဘူးဗျာ။ မူဝါဒတွေကို လိုက်နာ၊ သတင်းရေးရင်လည်း reported ပုံစံ ရှေးရိုးကြီးအတိုင်းရေး၊ ဝေဖန်ရေးဆိုရင်လည်း ဘောလုံးပွဲနဲ့ ရုပ်ရှင်ကိုတောင် မဝေဖန်ခဲ့ပါဘူး။ မကောင်းတဲ့အမြင်နဲ့ ရေးတာဖြစ်မှာစိုးလို့ လူတကာမြင်တွေ့နေတဲ့ ရေမြောင်းဆို့တာ၊ အမှိုက်ပွတာမျိုးတောင် မရေးခဲ့ဘူး။ အနိဋ္ဌာရုံဆိုရင်လည်း ရေကြီး၊ မီးလောင်သတင်းမျိုးတွေကို မရေးခဲ့၊ မဖော်ပြခဲ့ဘူး။ (ဟိုတုန်းကအခြေအနေတွေကို ပြန်ပြောတာပါ။)

အခုတော့ အဲသလိုမဟုတ်တော့ဘူး။ ခေတ်ပြောင်းသွားပြီ။ စနစ်ပြောင်းသွားပြီ။ ခေတ်က ဒီမိုကရေစီခေတ်၊ ပွင့်လင်းမြင်သာရမယ့်ခေတ်။ အစိုးရကလည်း ပြည်သူ့အစိုးရ။ ပြည်သူတွေက ရွေးချယ်တင်မြှောက်ထားတဲ့အစိုးရ။ ပြည်သူတွေရဲ့ ဆန္ဒတွေ၊ လိုလားတောင့်တမှုတွေကို လက်တွေ့ကျကျ ဖော်ဆောင်ပေးနေတဲ့ အစိုးရ။

ဒီလိုခေတ်အခါမျိုးမှာ ကျွန်တော်တို့ သတင်းမီဒီယာတွေဆိုတာက အစိုးရနဲ့ ပြည်သူကြားက ပေါင်းကူးတံတားတွေပါ။ အစိုးရက ချပြချင်တာတွေကို မီဒီယာတွေကတစ်ဆင့် ချပြရမှာဖြစ်သလို ပြည်သူတွေရဲ့ တုံ့ပြန်မှုတွေ၊ ထင်ဟပ်မှုတွေ၊ အစိုးရရဲ့မူဝါဒနဲ့ လုပ်ငန်းဆောင်ရွက်မှုတွေက ပြည်သူတွေရဲ့ နေ့စဉ်ဘဝတွေအပေါ် သက်ရောက်ပုံတွေ စတာတွေကို မီဒီယာတွေကနေပဲတစ်ဆင့် ပြန်လည်တင်ပြရမှာပါ။ မီဒီယာဆိုတာ ပေါင်းကူးတံတားဆိုတော့ကာ အပြန်အလှန်ကူးသန်းသွားလာနေရမယ့်သဘောပါ။ တစ်ဖက်တည်းကနေ၊ တစ်ဖက်သတ်ကြီးရေးနေ၊ ပြောနေ၊ ချပြနေရင်တော့ ပေါင်းကူးတံတားမဖြစ်တော့ဘဲ ရေတံလျှောက်ဖြစ်သွားတော့မပေါ့။ မဟုတ်ဘူးလား။

ငါတို့ကို သတင်းစာက ဆော်သဟ၊ နှက်သဟဆိုတာမျိုးမတွေးဘဲ ငါတို့မသိသေးတာသိအောင် သတင်းစာတွေက ကူညီနေကြတယ်လို့ ချစ်ခင်တဲ့အတွေးလေးနဲ့တွေးလိုက်ရင် အားလုံးအဆင်ပြေသွားမှာပါ။ သတင်းစာဆရာလို့ပဲ ခေါ်ခေါ်၊ ဂျာနယ်လစ်လို့ပဲခေါ်ခေါ် ကျွန်တော်တို့အားလုံးဟာ အစိုးရနဲ့ ပြည်သူကြားက ပေါင်းကူးတံတားသာဖြစ်တဲ့အကြောင်း၊ (ငယ်ငယ်က ဖတ်ဖူးခဲ့တဲ့ ကဗျာလေးထဲကလို) ကူးတို့ဆိပ် မှို့အိတ်ဖွင့်သူတွေ၊ လူရှုပ်ရှုပ် ကွမ်းထုပ်ဖြေတဲ့သူတွေမဟုတ်တဲ့အကြောင်း နားလည်ပေးကြစေချင်ပါတယ်။ မီဒီယာသမားတွေက ရေးကြ၊ သားကြ၊ ပြောကြ၊ ဆိုကြတာကိုလည်း "ချစ်လို့ပြောတာမှတ်ပါ"လို့ပဲ ဆရာ ဦးချစ်နိုင်(စိတ်ပညာ)ရဲ့ စကားလုံးလေးနဲ့ အသိပေးထားပါရစေ။

## မိမိတို့နေအိမ်တွင်

(က) အိမ်နှင့်ခြံဝင်းအတွင်း အမှိုက်သရိုက်များကို သန့်ရှင်းစွာထားပါ။
(ခ) မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံး၊ လှေခါးများကို စနစ်တကျထားရှိပါ။
(ဂ) မီးငြိမ်းသတ်ရန် သီးသန့်ရေလှောင်ထားပါ။
(ဃ) လိုအပ်ပါက မီးသတ်ဆေးဘူးထားပါ။
(င) လောင်စာဆီများ မသိုလှောင်ပါနှင့်။
(စ) လောင်စာဆီအနီး မီးခြစ် ခြစ်ခြင်း၊ ဖယောင်းတိုင်ထွန်းခြင်း မပြုလုပ်ပါနှင့်။
(ဆ) ခြင်ဆေးခွေ၊ အမွှေးတိုင်၊ ဖယောင်းတိုင်များကို အောက်ခံခွက်မပါဘဲ အသုံးမပြုပါနှင့်။
(ဇ) လူမရှိဘဲ ဖယောင်းတိုင်၊ မီးခွက် ထွန်းမထားပါနှင့်။
(ဈ) ဆေးလိပ်တိုများကို မီးငြိမ်းပြီးမှ ပစ်ပါ။

**မီးသတ်ဦးစီးဌာန**

# တိုင်းရင်းသားပြည်သူများ နယ်စပ်ဒေသအထိ အေးချမ်းသာယာစွာဖြင့် လွယ်ကူစွာ သွားလာနိုင်သော ရှမ်းပြည်နယ် တန့်ယန်းမြို့နယ်ရှိ သံလွင်မြစ်ကူးတံတား(တာကော်အက်)

## တံတားအချက်အလက်များ

၁။ သံလွင်မြစ်ကူးတံတား (တာကော်အက်) သည် ရှမ်းပြည်နယ် တန့်ယန်း-ပန်ဆန်းကားလမ်းပေါ်၌ တည်ရှိသည်။

၂။ တံတားအလျားပေ ၆၀၀ ရှိပြီး တံတားအကျယ် ၁၆ ပေ ၅ လက်မ ရှိသည်။

၃။ အပေါ်ထည်မှာ ဘေလီကြိုးတံတားအမျိုးအစားဖြစ်ပြီး အောက်ထည်မှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်သည်။

၄။ တံတားတည်ဆောက်ရေး စီမံကိန်းကို ၁-၄-၁၉၉၅ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၂-၂-၁၉၉၇ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။

* နှစ်(၅၀)ပြည့် ရွှေရတုပြည်ထောင်စုနေ့တွင် ဖွင့်လှစ်ခဲ့သော ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်ရှိ တာကော်အက်တံတားသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဖော်ဆောင်နိုင်သည့် အထိမ်းအမှတ်ပြယုဂ်တစ်ခုဖြစ်သကဲ့သို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသော တံတားဖြစ်သည်။

* ယခင်က လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး သံလွင်မြစ်ကို ကူးတို့ဖြင့် စွန့်စားကူးသန်းရသောဘဝ၊ နယ်မြေမအေးချမ်း၍ သွားလာရမလွယ်ကူသောဘဝမှ ယခုနယ်မြေအေးချမ်းသာယာသောကာလ ဤတံတားကြီးတည်ဆောက်ပြီးချိန်တွင် သံလွင်မြစ်အနောက်ဘက်ခြမ်းမှ အရှေ့ဘက်ခြမ်းနယ်စပ်ဒေသအထိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းမြေ့စွာ သွားလာနိုင်ကြပြီဖြစ်သည်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

သံလွင်မြစ်ကူးတံတား (တာကော်အက်)ကို တည်ဆောက်မပေးမီက ဒေသခံတိုင်းရင်းသား ပြည်သူများ ကူးတို့ဖြင့် ဤသို့ ခက်ခက်ခဲခဲ ကူးသန်းသွားလာရသည်။ (ဝဲပုံ)

သံလွင်မြစ်ကူးတံတား (တာကော်အက်)မှ တန့်ယန်းမြို့အထိ တံတားအထွက်လမ်းမှာ ဖြောင့်ဖြူးသာယာလှသည်။ (ယာပုံ)

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား ဖိလစ်ပိုင်သံအမတ်ကြီးနှင့် ဖိလစ်ပိုင်စီးပွားရေးလုပ်ငန်းရှင်များအဖွဲ့ တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံသံအမတ်ကြီး H. E. Ms. Maria Hellen M. Barber နှင့် ဖိလစ်ပိုင်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်အဖွဲ့သည် ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲ ၁ နာရီ ၅၅ မိနစ်တွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။**(အပေါ်ပုံ)**

ယင်းသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၌ ကြေးနီနှင့် ရွှေသတ္တုသယံဇာတများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်နေရာများစွာ၌ ဖြစ်ထွန်းမှုရှိကြောင်း၊ နည်းပညာမြင့်သော တူးဖော်ထုတ်လုပ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများကို ကြိုဆိုကြောင်း၊ သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ တစ်ဆင့်ပြီးတစ်ဆင့် လျင်မြန်စွာ ပူးပေါင်းဆောင်ရွက်မှုပြုလုပ်နိုင်ကြောင်း၊Technical Team များ စေလွှတ်တွေ့ဆုံပြီး Site Visit များ ပြုလုပ်လေ့လာနိုင်ကြောင်း ရှင်းလင်းပြောကြားရာ ဖိလစ်ပိုင်နိုင်ငံ First Pacific Company Ltd. မှ Executive Director Mr. Edward A. Tortorici နှင့် အဖွဲ့က Technical Team များ စေလွှတ်ဆွေးနွေးမှုများပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများကို ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ သတ္တုတွင်းဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဂျပန်-မြန်မာ ခရီးသွားလုပ်ငန်းတိုးတက်ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်လို ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးဟောင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ စီးပွားရေးနှင့် စီမံခန့်ခွဲမှုသိပ္ပံ ညွှန်ကြားရေးမှူး Mr. Takashi TAJIMA နှင့် ရန်ကုန်မြို့အခြေစိုက် DAIMARU KOGYO, LTD. မှ အထွေထွေမန်နေဂျာ Mr. OSAMU IKEYA တို့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဂျပန်နိုင်ငံအနေဖြင့် ယခုအစိုးရသစ်လက်ထက် တိုးတက်ဖွံ့ဖြိုးလာသော နိုင်ငံခြားခရီးသည်ဝင်ရောက်မှုနှင့်ပတ်သက်၍ တိုးတက်လာမှုကို သိရှိလိုပါကြောင်း၊ ဟိုတယ်လုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံရေး၊ ဂျပန်-မြန်မာခရီးသွားလုပ်ငန်း တိုးတက်ဖွံ့ဖြိုးရေးအတွက် အပြန်အလှန်ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီလုပ်ကိုင်ဆောင်ရွက်လိုပါကြောင်းဖြင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

**၂၂-၂-၂၀၁၂ (ဗုဒ္ဓဟူးနေ့)**

| | |
|---|---|
| ၅း၄၀ | "ဆရာတော်အရှင်ပုညာနန္ဒ ဟောကြားတော်မူသောတရားတော်" |
| ၈း၅၅ | နှလုံးသားတွေလျှမယ့်ည Song Oo Hlaing One Man Show (Part-4) |
| ၉း၄၀ | ရန်ကုန်မြင်ကွင်းကျယ် (Myanmar Car Exhibition) |
| ၁၀း၀၅ | ဝိပဿနာစာကြည့်တိုက်ဖွင့်ပွဲမင်္ဂလာ |
| ၁၀း၄၀ | ရန်ကုန်မြင်ကွင်းကျယ် (Health Updates ဂျာနယ်သစ်မိတ်ဆက်ပွဲ) |
| ၁၁း၂၅ | ရှိသေစွာ ပူဇော်ဆင်နွှဲ. . . သုံးခွ အထက အာစရိယပူဇော်ပွဲ |
| ၂း၄၅ | ပြီးပြည့်စုံသောအလှနှင့် နေထိုင်မှုပုံစံ |
| ၄း၅၅ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၆း၁၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (ဇာတ်သိမ်းပိုင်း)** |
| ၇း၂၀ | နှလုံးသားတွေလျှမယ့်ည Song Oo Hlaing One Man Show (Part-5) |
| ၉း၀၀ | Celebrity Style (ရန်ရန်ချမ်း၊ ချီလီ) |
| ၉း၂၀ | The Shop Around The Corner (Part-28) |
| ၉း၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညှာနရာ" (အပိုင်း-၇၇)** |
| ၁၀း၄၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တေးသွားစကေရီ" (အပိုင်း-၂၄)** |
| ၁း၁၀ | ကွမ်းစားခြင်းနှင့်ခံတွင်းရောဂါ (ပါမောက္ခဦးမြသော်) |
| ၂း၄၅ | တိရစ္ဆာန်လေးတွေမွေးကြမယ် (Neptune Pet Shop) |
| ၄း၂၀ | Shooting Location (ဆရာမအိမ်) |
| ၄း၃၅ | ဖူးမြော်စေချင်. . . ထားဝယ်မြို့မှ ရှင်ကိုးရှင် |

# ကချင်ပြည်နယ်အတွင်း နယ်မြေလုံခြုံရေးအရ ရွှေ့ပြောင်းလာသူများ ပြန်လည်ထူထောင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

**ကချင်ပြည်နယ်အတွင်း နယ်မြေလုံခြုံရေးအရ ရွှေ့ပြောင်းလာသူများ ပြန်လည်ထူထောင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၂ နာရီတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ကချင်ပြည်နယ်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန်၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများတက်ရောက်ကြသည်။**

ရှေးဦးစွာ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက မိမိတို့အဖွဲ့ လှည့်လည်ကြည့်ရှုလေ့လာရာတွင် တိုင်းရင်းသားမိသားစုများအနေဖြင့် ၎င်းတို့၏အရပ်ဒေသ၌ ပြန်လည်အခြေချနေထိုင်လိုကြသူများရှိသကဲ့သို့ မိသားစုအချို့မှာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့် နေရာဒေသများတွင် ရွာသစ်ထူထောင်နေထိုင်လိုကြသည်ကိုလည်း တွေ့ရှိရကြောင်း၊ မိသားစုများ၏ စားဝတ်နေရေးအတွက် နိုင်ငံတော်နှင့် သက်ဆိုင်ရာအသင်းအဖွဲ့များ၏ ထောက်ပံ့ပေးနေမှုများကြောင့် အဆင်ပြေကြသည်ကို အများဆုံးတွေ့ရှိရပြီး စခန်းအချို့သာ ဆက်သွယ်မှုအခက်အခဲ အနည်းငယ်ရှိသည်ကို တွေ့ရကြောင်း၊ ပဋိပက္ခများ ချုပ်ငြိမ်းပပျောက်သွားပါက ပြန်လည်ထူထောင်ရေးလုပ်ငန်းအတွက် လိုအပ်သည့် စာရင်းဇယားများကို စနစ်တကျရှိစေရေးဆောင်ရွက်ရန် လိုကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မိသားစုများ၏ အခြေခံလိုအပ်ချက်များသာမက ရသင့်ရထိုက်သည့် အခွင့်အလမ်းများကို အပြည့်အဝရရှိအောင် အဘက်ဘက်က စဉ်းစားဖြည့်ဆည်း ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဘုန်းဆွေက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကိုပါ တစ်ပါတည်း ထည့်သွင်းရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများဖြစ်သည့် ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများကို ဆောင်ရွက်ရာတွင် အားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဒေသအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပေါင်းစုံတို့၏ ဆန္ဒနှင့်အညီဖြစ်စေရန် အလေးအနက်ထားဆောင်ရွက်ကြစေလိုကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများ၊ တိုင်းရင်းသားမိသားစုများ ကြုံတွေ့ရသည့် အခက်အခဲများနှင့် ဆန္ဒများအပေါ် ဆောင်ရွက်သင့်သည်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းပေးပြီး ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက ယခုလို အဘက်ဘက်က ဝိုင်းဝန်းစဉ်းစားအကြံပြုကြသည့်အတွက် ပြည်ထောင်စုအစိုးရအနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးသင့်သည်များကို ဆက်လက်ပံ့ပိုးပေးသွားနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးချိန်အမီ နေရပ်ဒေသများတွင် လုံခြုံစိတ်ချစွာ နေထိုင်လုပ်ကိုင်နိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများဖြင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ကချင်ပြည်နယ်အတွင်း ပဋိပက္ခများ ချုပ်ငြိမ်းပပျောက်သွားပါက ခေတ္တရွှေ့ပြောင်းလာသည့် မိသားစုများ၏ ဆန္ဒနှင့်အညီ နေရပ်ဇာတိကျေးရွာများသို့ ပြန်လည်ပို့ဆောင်ပေး၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျ ထိရောက်စွာဆောင်ရွက်နိုင်ရန် ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်သန့်ရှင်းရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေး၊ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးတို့အပါအဝင် ကဏ္ဍပေါင်း(၁၁)ခုဖြင့် စီမံချက် ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ခေတ္တရွှေ့ပြောင်းလာသည့် မိသားစုများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်လှူဒါန်းကြလိုသူများအနေဖြင့် ကချင်ပြည်နယ်လူမှုရေးဝန်ကြီးရုံး ဖုန်း-၀၇၄-၂၉၅၂၀၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးရုံး ဖုန်း-၀၇၄-၂၂၃၈၆ နှင့် ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနရုံး ဖုန်း-၀၇၄-၂၄၀၁၅ တို့ကို ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ ကချင်ပြည်နယ်အတွင်း နယ်မြေလုံခြုံရေးအရ ရွှေ့ပြောင်းလာသူများ ပြန်လည်ထူထောင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

**❁ ထောပတ်သီးမှ**

ပဋိဇီဝဆေးဝါးများကို အာခံနိုင်သော ယင်းဗက်တီးရီးယားပိုးမျိုးကို အမေရိကန်နိုင်ငံနှင့် ဂရိနိုင်ငံတို့၌ ရှာဖွေတွေ့ရှိခဲ့ရသည်။

ချီလီနိုင်ငံရှိ မုတ်သုံသစ်တောအတွင်း ပေါက်ရောက်သော ထောပတ်သီး၏ သဘာဝဓာတုပစ္စည်းနှင့် အစဉ်အလာအရအသုံးပြုနေသော ပဋိဇီဝဆေးဝါးများကို ပေါင်းစပ်ကာ စတာဖီလိုကိုစီ ဗက်တီးရီးယားပိုးမွှားများကို ချေမှုန်းနိုင်စွမ်းရှိကြောင်း ဂျက်စ်ဟော်လာက ပြောကြားသည်။ ၎င်းသည် ကိုပင်ဟေဂင်တက္ကသိုလ်၌ ပါရဂူကျမ်းပြု သုတေသီတစ်ဦးဖြစ်သည်။

ထောပတ်သီး၏ သဘာဝဒြပ်ပေါင်းသည် ဗက်တီးရီးယားပိုးမွှားများကို တိုက်ဖျက်နိုင်စွမ်းရှိကြောင်း၊ ယင်းဒြပ်ပေါင်းကိုအခြေခံ၍ ဓာတုဗေဒနည်းစဉ်ဖြင့် ဆေးဝါးထုတ်လုပ်နိုင်ရန် ဆက်လက်လေ့လာသွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ **အင်တာနက်။**

# ၁၈ ဘီးကား အရှိန်လွန်တိမ်းမှောက် ယာဉ်မောင်းသေဆုံး

**မိတ္ထီလာ ဖေဖော်ဝါရီ ၂၁**

မိတ္ထီလာမြို့နယ် ရှမ်းမငယ်ရဲစခန်းအပိုင် မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းတွင် ဖေဖော်ဝါရီ ၁ ရက် ညနေ ၅ နာရီက ကျောက်ပန်းတောင်းမှ မိတ္ထီလာမြို့သို့ ဟသ်ာတမြို့နေ ယာဉ်မောင်း ကျော်နိုင်လင်း(၃၀)နှစ် မောင်းနှင်လာသည့် ၆ခ/---နီဆန်းဒီဇယ် ၁၈ ဘီးကားကြီးမှာ မိုင်တိုင်အမှတ်(၁၇/၀) မကျီးကုန်းကျေးရွာအနီးအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်သို့ တိမ်းမှောက်ခဲ့သည်။ ကားတိမ်းမှောက်၍ ယာဉ်မောင်း ကျော်နိုင်လင်းမှာ နေရာတွင်ပင် သေဆုံးသွားခဲ့ကာ ယာဉ်နောက်လိုက် မျိုးမင်းထက်မှာလည်း ဒဏ်ရာများရရှိသွားခဲ့ပြီး ကားအတွင်းမှ ဆွဲထုတ်ခဲ့ရသည်။ ယာဉ်မှောက်မှုကို ရှမ်းမငယ်ရဲစခန်းမှ ဒုတိယရဲအုပ်မြင့်ဝင်းက သွားရောက်စစ်ဆေးပြီး ယာဉ်မဆင်မခြင် မောင်းနှင်သူ ကျော်နိုင်လင်းအား ရဲစခန်း(ပ)၅/၂၀၁၂ ပုဒ်မ ၃၀၄(က)/၃၃၇ ဖြင့် အမှုဖွင့်အရေးယူထားသည်။ (၁၁၁)

# မြန်မာနိုင်ငံနှင့် ယူနီဆက်ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (၂၀၁၁-၂၀၁၅)အတွက် နိုင်ငံဆိုင်ရာ လုပ်ငန်းအစီအစဉ်စာတမ်း လက်မှတ်ရေးထိုးပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

မြန်မာနိုင်ငံနှင့် ယူနီဆက် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (၂၀၁၁-၂၀၁၅) အတွက် နိုင်ငံဆိုင်ရာလုပ်ငန်းအစီအစဉ်စာတမ်း (Country Programme Action Plan) လက်မှတ်ရေးထိုးပွဲကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရကိုယ်စား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်နှင့် ယူနီဆက်ကိုယ်စား မြန်မာနိုင်ငံရှိ ယူနီဆက်ရုံးဌာနေကိုယ်စားလှယ် မစ္စတာ ရာမစ်ရှရက်သာတို့ လက်မှတ်ရေးထိုးကြသည်။

အဆိုပါ နိုင်ငံဆိုင်ရာ လုပ်ငန်းအစီအစဉ်အရ ကလေးသူငယ်ရှင်သန်ရေးနှင့် ဖွံ့ဖြိုးရေး၊ ရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး၊ အခြေခံပညာရေးနှင့် ကျား/မ တန်းတူညီတူရှိရေး၊ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်နှင့် ကလေးသူငယ်များ၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် လူမှုရေးမူဝါဒ အသိပညာပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် ဆန်းစစ်အကဲဖြတ်ခြင်းကဏ္ဍဆိုင်ရာ လုပ်ငန်းစီမံချက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ယူနီဆက်တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ကြမည် ဖြစ်သည်။ လက်မှတ်ရေးထိုးပွဲသို့ ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ယူနီဆက်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

**မြန်မာနိုင်ငံနှင့် ယူနီဆက် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (၂၀၁၁-၂၀၁၅)အတွက် နိုင်ငံဆိုင်ရာ လုပ်ငန်းအစီအစဉ်စာတမ်း လက်မှတ်ရေးထိုးပွဲ ကျင်းပစဉ်။**

(သတင်းစဉ်)

**❖ ဖိလစ်ပိုင်မှ**

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့မှ သိပ္ပံပညာရှင် ဟိုဆေးရိုဒရစ်က ပြောကြားသည်။

ဘိုရာကေးကျွန်းသည် ဘော်ငွေရောင်အဆင်းရှိ သဲသောင်ပြင် တည်ရှိခြင်းနှင့် ကျွန်းအနီးတစ်ဝိုက်ရှိ ပင်လယ်ရေပြင် ကြည်လင်သန့်စင်ခြင်း ဂုဏ်ဒြပ်တို့ကြောင့် ထင်ပေါ်ကျော်ကြားသော အပန်းဖြေစခန်းများ တည်ရှိသည်။

ဘိုရာကေးအပန်းဖြေကျွန်းသို့ လွန်ခဲ့သည့်နှစ်က ကမ္ဘာလှည့်ခရီးသည် တစ်သန်းခန့်အလည်အပတ် လာရောက်ခဲ့သည်။ ကမ္ဘာလှည့်ခရီးသွားများ တိုးတက်လာရောက်မှုကြောင့် သဘာဝပတ်ဝန်းကျင်ပြဿနာများ ဒွန်တွဲဖြစ်ပေါ်ခဲ့ရသည်။ လူလုပ်သန္တာကျောက်တန်းများသည် ပျက်စီးခဲ့ရသော သဘာဝသန္တာကျောက်တန်းများ ပြန်လည်စိုပြည်လာစေရန် အထောက်အကူပေးမည် ဖြစ်သည်။ **အင်တာနက်။**

၂၀၁၂ ခုနှစ် ပထမအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲတွင် ရွှေတစ်ခု၊ ငွေနှစ်ခု ရရှိခဲ့သည့် မြန်မာမြားပစ်အားကစားအဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။ (သတင်းစဉ်)

# ၂၀၁၂ ခုနှစ် ပထမအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲ မြန်မာမြားပစ်အားကစားအဖွဲ့ ရွှေ(၁)ခု၊ ငွေ(၂)ခု ရရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

၂၀၁၂ ခုနှစ် ပထမအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည် မြားပစ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ကျင်းပရာ အဆိုပါပြိုင်ပွဲ၌ နိုင်ငံပေါင်း ၂၉ နိုင်ငံ ပါဝင်ယှဉ်ပြိုင်ပြီး မြန်မာနိုင်ငံမှ အဖွဲ့ဝင် ၁၂ ဦးပါဝင်သော မြားပစ်အားကစားအဖွဲ့သည် ရွှေတစ်ခု၊ ငွေနှစ်ခုဖြင့် နိုင်ငံအဆင့်(၄) ရရှိခဲ့သည်။

ယင်းပြိုင်ပွဲ၌ တစ်ဦးချင်း Compound ရှုံး/ထွက် ပြိုင်ပွဲတွင် အောင်ငြိမ်းက ရွှေတစ်ခု၊ နှစ်ယောက်တွဲ Mix Team ရှုံး/ထွက်ပြိုင်ပွဲတွင် ရဲမင်းဆွေနှင့် အောင်ငြိမ်းတို့က ငွေတစ်ခု၊ အမှတ်အားလုံးပေါင်း (ranking) တွင် အောင်ငြိမ်းက ငွေတစ်ခု ရရှိခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဝက်သားပေါက်ဈေးကွက် အရောင်းအဝယ်သွက်

**ရေတာရှည် ဖေဖော်ဝါရီ ၂၁**

ကျေးလက်ဒေသများတွင် မိသားစုအလိုက် တစ်ပိုင်တစ်နိုင် ဝက်မွေးမြူကြသူများ၏ ဝယ်လိုအားကြောင့် ဝက်သားပေါက်ရောင်းချသူများ အဆင်ပြေလျက်ရှိသည်။ အလှူပွဲ၊ မင်္ဂလာပွဲနှင့် အခြားသော ကျွေးမွေးဧည့်ခံပွဲများတွင် ဝက်သားစားသုံးမှု ပိုမိုများပြားလာသည့်အတွက် ဝက်အရောင်းအဝယ် ယခင်ကထက် ဈေးကောင်းရရှိကြသည်။ ထို့ကြောင့် ဆွာ၊ မြို့လှ၊ လယ်ဝေး၊ သာဝတ္တိ၊ သပြေပင် အစရှိသည့် ဈေးပတ်များတွင် ဝက်သားပေါက်ရောင်းချသူများက လှည့်လည်ရောင်းချလျက်ရှိပြီး ဝက်အကြီးအသေးပေါ်မူတည်၍ ငွေကျပ် ၂၀၀၀၀ မှ ၄၀၀၀၀ အထိ ရောင်းချကြရသည်။**(အပေါ်ပုံ)**

နေ့စဉ် ပိုလျှံသည့် ထမင်း၊ ထမင်းရည်၊ ဖွဲနု၊ ဆန်ဆေးရည် အစရှိသည်တို့ကို ဖွဲနုနှင့်ရောနှောကာ ကျွေးမွေးနိုင်သည့်အတွက် ဝက်စာကုန်ကျသက်သာပြီး ရှစ်လ၊ တစ်နှစ်ခန့်တွင် ပြန်လည်ရောင်းချနိုင်ပြီး ဝက်မွေးမြူကြသူများက စုဘူးဟုပင်အမည်ကင်ပွန်းတပ် ခေါ်ဝေါ်ကြသည်။ (၅၇၈)

## ငွေရာသီအခြေခံ ဂေါက်သီးရိုက် ၁၀ ရက်သင်တန်း ဖွင့်လှစ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျောက်ရေတွင်းလမ်းရှိ မြန်မာဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်း၌ HAN Golf Masters Academy မှ ဖေဖော်ဝါရီ ၂၇ ရက် (တနင်္လာနေ့)တွင် ဂေါက်သီးရိုက်အခြေခံ ၁၀ ရက် သင်တန်းကို စတင်ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။ အဆိုပါ သင်တန်းကို HAN Golf Masters Academy မှ ဝါရင့်နည်းပြများဖြစ်ကြသော ဦးချမ်းဟန်၊ ဦးကိုကိုလေးနှင့် လက်ထောက်နည်းပြဆရာများက နည်းစနစ်များကို စနစ်တကျ သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းသို့ တက်ရောက်လိုသူများသည် ဖေဖော်ဝါရီ ၂၆ ရက်ထက် နောက်မကျစေဘဲ စာရင်းပေးသွင်းရမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက မြန်မာဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း ဖုန်း- ၀၁-၆၅၁၇၉၇၊ ၆၅၁၃၇၄နှင့် ၀၉-၂၀၃၇၆၇၁ တို့သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# ပြည် ရွှေဆံတော်စေတီတော်နှစ် ၂၆၀၀ ပြည့်ပွဲ ကျင်းပမည်

**ပြည် ဖေဖော်ဝါရီ ၂၁**

ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး**(ယာပုံ)**ကို သုဒဿနတောင်တော်ထိပ်၌ ဗုဒ္ဓမြတ်စွာပေးသနားတော်မူသော ဆံတော်၊ မွေးရှင်တော်များကိုဌာပနာ၍ မြတ်စွာဘုရားပွင့်သောနှစ် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပေါင်းလဆန်း ၁၃ ရက်နေ့တွင် တည်ထား၍ ယင်းနှစ်တပေါင်းလပြည့်နေ့တွင် ပြီးမြောက်ခဲ့သည်။

ယခုအခါ သာသနာနှစ် ၂၅၅၅ သို့ ရောက်ရှိပြီဖြစ်၍ စေတီတော်ကြီး၏ သက်တမ်းသည် နှစ် ၂၆၀၀ ပြည့်ရှိခဲ့ပြီဖြစ်ရာ နောင်လာနောက်သားများ အမှတ်တရရှိကြစေရန်အတွက် နှစ် ၂၆၀၀ ပြည့်အထိမ်းအမှတ်ပွဲကို မတ် ၅ ရက်မှ ၇ ရက်(တပေါင်းလပြည့်နေ့)အထိ သုံးရက်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။ (ထွန်းမှုအောင်လွင်)

## ရက္ခပူရနှင့် မောရဝတီတို့ အမှတ်ခွဲယူ

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

MNL Myanmar 2012 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ပွဲစဉ်(၇) တတိယနေ့ပွဲစဉ်များကို ယနေ့ညနေ ၃ နာရီခွဲက ပဒုမ္မာကွင်းတွင် ကျင်းပခဲ့ရာ ရက္ခပူရယူနိုက်တက်နှင့် မောရဝတီတို့ သရေကျသွားသည်။

**ရက္ခပူရယူနိုက်တက် - ဂိုးမရှိ**
**မောရဝတီ - ဂိုးမရှိ**

ပွဲစဉ်(၄)တွင် Southern ကို အနိုင်ရပြီးကတည်းက နှစ်ပွဲဆက်နိုင်ပွဲ ပျောက်နေသည့် ရက္ခပူရအသင်းမှာ ယခုပွဲတွင် မောရဝတီနှင့် သရေကျခဲ့ပြန်သည်။ အသင်းသစ် မောရဝတီအသင်းမှာ ရက္ခပူရတိုက်စစ်ကို ထိန်းချုပ်နိုင်ခဲ့ပြီး ဒုတိယမြောက် အမှတ်ရခဲ့သည့်ပွဲလည်း ဖြစ်ခဲ့သည်။ မောရဝတီအသင်းသည် ဇေယျာရွှေမြေကို သရေကစားခဲ့ပြီး နောက်ပိုင်း ဒုတိယမြောက် သရေပွဲရယူနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

ပွဲစဉ်(၇) အပြီးတွင် ရတနာပုံအသင်းက ရမှတ်(၁၉)မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ကမ္ဘောဇအသင်းက (၁၇)မှတ်ဖြင့် ဒုတိယလိုက်နေသည်။ နေပြည်တော်နှင့် လက်ရှိချန်ပီယံ ရန်ကုန်တို့ (၁၄)မှတ် စီတူနေသော်လည်း ဂိုးကွာခြားချက်ဖြင့် နေပြည်တော်က တတိယနေရာနှင့် ရန်ကုန်က စတုတ္ထနေရာတို့တွင် ရပ်တည်နေသည်။

**သတင်း - ရှိုင်းထက်ဇော်**

## ယနေ့ဖတ်စရာမှတ်စရာ

### မျဉ်းကျားမကူးလို့ ရုတ်တရက်ဖမ်းတော့ ဒဏ်ရိုက်ခံရ ...

*ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကော်မတီက မော်တော်ယာဉ်များနှင့် လက်ကိုင်အသံချဲ့စက်ကလေးများကို ကိုင်ကာ လမ်းဆုံလမ်းခွ မီးပွိုင့်များတွင် ခရီးသွားပြည်သူများ လူကူးမျဉ်းကျားမှ ကူးရန်နှိုးဆော်လျက်ရှိသည်ကို တွေ့မြင်နေရသည်။*

*MRTV-4 မှလည်း ခရီးသွားပြည်သူများ လူကူးမျဉ်းကျားမှ လမ်းဖြတ်ကူးရန်၊ မီးပွိုင့်တွင် အတက်အဆင်း မလုပ်ရန်၊ လူကူးမီးစိမ်းမှ ကူးရန်၊ မီးနီတွင် ဖြတ်မကူးရန် နှိုးဆော်ချက်များကို မကြာခဏကြေညာပေးလျက်ရှိသည်။*

*သို့သော် ခရီးသွားပြည်သူအများစုက အလွယ်ကိုလိုက်ကြသည်။ မိမိသွားချင်သည့် နေရာနှင့် ကားမှတ်တိုင်၊ ဓာတ်တိုင်တစ်တိုင်စာလောက်ဝေးလျှင်ပင် လမ်းမလျှောက်ချင်ကြ၊ နီးစပ်ရာ မီးပွိုင့်တွင် အလွယ်တကူ အတက်/ အဆင်း လုပ်ချင်ကြသည်။*

*ဖြစ်ရပ်တစ်ခု မျက်ဝါးထင်ထင်မြင်လိုက်ရသည်။ ဗိုလ်ချုပ်လမ်းပေါ် ဝဇီရာ ရုပ်ရှင်ရုံရှေ့မျဉ်းကျားတွင် မီးပွိုင့်နှင့် မျဉ်းကျားအကြား ဖြတ်ခနဲ အမျိုးသမီးလေး နှစ်ယောက်လမ်းဖြတ်ကူးလိုက်သည်။ အမှတ်တမဲ့ဖြစ်၍ ရုပ်ရှင်ရုံရှေ့ရပ် ထားသော ယာဉ်စည်းကမ်းထိန်းသိမ်းရေးမှ မော်တော်ယာဉ်ကိုမမြင်၊ ရဲမေနှစ်ယောက် ခုန်ဆင်းလာကာ လမ်းဖြတ်ကူးသူ အမျိုးသမီးကလေးနှစ်ယောက်ကို ကားပေါ်တင်ခေါ်သွားသည်။ သူတို့နှစ်ယောက် ရှက်ရှက်နှင့်ခေါင်းပင် မဖော်တော့ဘဲ ကားပေါ် ပါသွားသည်။*

*နိုင်ငံတော်အနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်စပ်လျဉ်း၍ ယခုမှ နှိုးဆော်ခြင်း၊ ပညာပေးခြင်းနှင့် ထိုက်သင့်သောပြစ်ဒဏ်ပေးခြင်းများ ဆောင်ရွက်ခဲ့ခြင်းမဟုတ်၊ ရှေးရှေးကတည်းကပင် စီမံချက်များချ၍ ဆောင်ရွက်ခဲ့သည်။ မိမိတို့ နိုင်ငံသား အချို့ကသာ အမှတ်တမဲ့ နေခဲ့ကြခြင်းဖြစ်သည်။ မည်သူမဆို အသေးအမွှားပင်ဖြစ်စေ ဥပဒေစည်းမျဉ်းစည်းကမ်းဟူသမျှ လိုက်နာသင့်သည်။ လိုက်နာရမည်။ တစ်ဦးတစ်ယောက်ချင်းလိုက်နာလျှင် တဖြည်းဖြည်းနှင့် တစ်နိုင်ငံလုံး စည်းကမ်းရှိသွားကြမည်မှာ အမှန်ပင်ဖြစ်သည်။*

*မိမိတို့တစ်ဦးချင်း တစ်ယောက်ချင်းစီက မိမိလိုက်နာဆောင်ရွက်နိုင်သည့် အသေးအမွှားကလေးများကို သတိလေးထား၍လိုက်နာကြပါဟု အကြံပြုရေးသား လိုက်ရပါသည်။ (မေနိုင်-စာနယ်ဇင်း)*

## ပြည်သူ့ထံမှ ပေးစာများ

### အရက်ဆိုင်များမှလူများ လမ်းသွားလမ်းလာများအား နှောင့်ယှက်နေ

**စာတည်းရှင်-**

အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်း မြကန်သာကျောင်းလမ်း ပိတောက်မြိုင်ရပ်ကွက် မျက်နှာစာတွင် ကျူးကျော်တဲအိမ်များ၊ အရက်ဆိုင်များ၊ ဈေးဆိုင်များစွာရှိပါသည်။ ၎င်းအရက်ဆိုင်များမှ လူများသည် လမ်းသွားလမ်းလာမိန်းမပျိုလေးများကို မကြာခဏနှောင့်ယှက်နေပါ၍ သက်ဆိုင်ရာမှ သင့်တော်သလိုစီစဉ်ပေးပါရန် တင်ပြလိုက်ပါသည်။ **ရပ်ကွက်သူ၊ ရပ်ကွက်သားများ**

### သားငါးများရောင်းချ ပတ်ဝန်းကျင်ညစ်ညမ်း

**စာတည်းရှင့်-**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် ဦးထွန်းရှိန်လမ်းနှင့် အောင်သစ္စာလမ်းအကြားရှိ ဧရာလမ်းမပေါ်တွင် သားငါးများစည်းကမ်းမဲ့ ရောင်းချလျက်ရှိရာ အမှိုက်နှင့်သားငါးစွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးထိခိုက်စေသည့်အပြင် စိတ်အနှောင့်အယှက်ဖြစ်နေကြရပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်သူ၊ ရပ်ကွက်သားများ**

### အကြော်ဆိုင်များ ဖယ်ရှားပေးစေလို

**စာတည်းခင်ဗျား-**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့ မင်းလမ်းပလက်ဖောင်းပေါ်တွင် ပျံကျဈေးသည်များ၏ အကြော်ဆိုင်များမှ ကြော်နေသည့် ညှော်နံ့များကို အနီးပတ်ဝန်းကျင်တွင် နေထိုင်သူ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ နေ့စဉ်ရှူရှိုက် နေရသောကြောင့် ကျန်းမာရေးထိခိုက်သည့်အပြင် မီးဘေးအန္တရာယ်ပါ စိုးရိမ်နေရပါ၍ အရေးယူဖယ်ရှားရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။ **အညှော်နံ့မခံနိုင်သူ**

### လေထုညစ်ညမ်းနေ၍ ကျန်းမာရေးထိခိုက် ရှင်းလင်းပြီးစီး

၂၃-၁-၂၀၁၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာ ပေးစာကဏ္ဍ၌ ပါရှိသော ချောင်းဆုံမြို့နယ်ရွာလွတ်ရွာ ရပ်ကွက်(၆)ရှိ လေထုညစ်ညမ်း၍ ကျန်းမာရေးထိခိုက် ပေးစာကိစ္စအား ဖြေရှင်းဆောင်ရွက်ပြီးစီးပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ **(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**

## နိုင်ငံတကာ အနုပညာရပ်ဝန်း

### သုံးပွင့်ဆိုင် ချစ်ဇာတ်လမ်း (This Means War)

အချစ်ဆုံးသူငယ်ချင်းများဖြစ်သကဲ့သို့ အမေရိကန်စီအိုင်အေ ထိပ်တန်း ထောက်လှမ်းရေးသမားများလည်း ဖြစ်ကြသော ဖော်စတာနှင့် ဟန်ဆန်တို့သည် အဖျက်စွမ်းအားကြီးမားသော လက်နက်များ ရယူပိုင်ဆိုင်ရန် ကြိုးပမ်းနေသော နိုင်ငံတကာ ရာဇဝတ်ကောင် ဟိန်းရစ်ကို တာမြစ်ထိန်းချုပ်ရန် ဟောင်ကောင်သို့ စေလွှတ်ခဲ့သော်လည်း ၎င်းတို့၏ပစ်မှတ်လွဲချော်ပြီး ဟိန်းရစ်၏ညီ သေဆုံးသွားသဖြင့် ဟိန်းရစ်က ၎င်းတို့ကို ပြန်လည်လက်စားချေရန် ကြိုးစားလာခြင်းကြောင့် အမေရိကန်နိုင်ငံသို့ ပြန်ခေါ်ခဲ့ရသည်။

အမေရိကန်နိုင်ငံတွင် လော်ရန် အမည်ရှိ အမျိုးသမီးတစ်ဦးကို နှစ်ယောက်စလုံး တစ်ပြိုင်တည်း ချစ်ကျွမ်းဝင်မိခဲ့ကြရာ အစပိုင်းတွင် မသိခဲ့ကြသော်လည်း နောက်ပိုင်းတွင် ၎င်းတို့ချစ်မိနေသူမှာ လော်ရန်တစ်ဦးတည်းဖြစ်နေခြင်းကို သိရှိခဲ့ကြသည်။ ဖော်စတာနှင့် ဟန်ဆန်တို့သည် တစ်ဦး၏ အချစ်ရေးကိစ္စကို တစ်ဦးက မနှောင့်ယှက်ရန်၊ လော်ရန်၏ ဆုံးဖြတ်ချက်ကိုသာ လိုက်နာရန် သဘောတူခဲ့ကြသော်လည်း နောက်ပိုင်းတွင် တစ်ယောက်နှင့်တစ်ယောက် စည်းဖောက်လာပြီး အဆင့်မြင့် စီအိုင်အေထောက်လှမ်းရေးနည်းပညာများကို အသုံးချကာ ပျက်စီးရာပျက်စီးကြောင်း ကြံစည်တိုက်ခိုက်ကြတော့သည်။

တစ်နေ့တွင် လော်ရန်က ဟန်ဆန်ကို နေ့လယ်စာ စားရန်ဖိတ်ခေါ်ခဲ့သည်။ ထိုအချိန်တွင် ဖော်စတာက ဟောင်ကောင်မှ ဟိန်းရစ် မိမိတို့ကို လက်စားချေရန် အမေရိကန်သို့ရောက်နေသည့် သတင်းကို ရရှိသဖြင့် ဟန်ဆန်အား လော်ရန်၏ ဖိတ်ခေါ်မှုကို မသွားရန် သတိပေးခဲ့သည်။ သို့သော် တစ်ဦးနှင့်တစ်ဦး အယုံအကြည်မရှိသဖြင့် အပြန်အလှန်တိုက်ခိုက်နေကြချိန်တွင် လော်ရန်က ၎င်းတို့နှစ်ဦး သူငယ်ချင်းများဖြစ်နေကြောင်း သိရှိသွားခဲ့ပြီး တစ်ဦးတည်း ထွက်သွားရန် ဆုံးဖြတ်လိုက်သည်။ ထိုအချိန်တွင် ဟိန်းရစ်နှင့် ၎င်း၏အဖွဲ့က ဖော်စတာနှင့် ဟန်ဆန်တို့ကို လက်ရဖမ်းဆီးသွားသည်။ လော်ရန်က ၎င်းတို့နှစ်ဦး လွတ်မြောက်ရန် လိုက်လံကယ်ဆယ်ခဲ့ရပြီး မည်သို့ မည်ပုံ ဖြစ်သည်ကို ---။

အချစ်၊ ဟာသ၊ အက်ရှင် အချိုးကျကျ ပေါင်းစပ်ထားသည့် ဤဇာတ်ကားတွင် လော်ရန်အဖြစ် မင်းသမီး ရိစ်ဝစ်သာစပွန်း၊ ဖော်စတာအဖြစ် ချားရစ်ပိုင်နှင့် ဟန်ဆန်အဖြစ် တွမ်ဟာဒီတို့က အဓိက

ခေါင်းဆောင်လှုပ်ရှားထားပြီး ဖေဖော်ဝါရီ ၁၇ ရက်က စတင်ဖြန့်ချိပြသနေပြီဖြစ်သည်။ ယင်းဇာတ်ကား အရောင်းမြှင့်တင်ရေးအတွက် ဒါရိုက်တာ MCG နှင့် မင်းသမီး ရိစ်ဝစ်သာစပွန်းတို့သည် ဖေဖော်ဝါရီ ၂၂ ရက်တွင် တောင်ကိုရီးယားနိုင်ငံသို့ လာရောက်မည်ဖြစ်ကြောင်း တောင်ကိုရီးယားသတင်းဌာနများက ဖော်ပြသည်။ အင်တာနက်။

**အောဝမ်းစိုး**

# အာဆီယံအသိုက်အဝန်း ထူထောင်မှုနှင့်ပတ်သက်၍ တိုးတက်မှုအခြေအနေနှင့် မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရန် ကြိုတင်ပြင်ဆင်မှုဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

**အာဆီယံအသိုက်အဝန်း ထူထောင်မှုနှင့်ပတ်သက်၍ တိုးတက်မှုအခြေအနေနှင့် ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများနှင့်ပတ်သက်၍ စားပွဲဝိုင်းဆွေးနွေးပွဲတစ်ရပ်ကို ယနေ့နံနက် ၉ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန စတုရဂ်ဗလခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်နှင့် မြန်မာနိုင်ငံတွင် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အသိုက်အဝန်းများကို အကောင်အထည်ဖော်နေသည့် ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။**

ဆွေးနွေးပွဲ၏ ပထမပိုင်းတွင် ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်က အဖွင့်အမှာစကား ပြောကြားပြီး အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်လင်း၊ နိုင်ငံခြား စီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မြတ်မြတ်စိုးနှင့် သမိုင်းသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နန္ဒာမွန်းတို့က အာဆီယံ၏ နိုင်ငံရေးနှင့် လုံခြုံရေး၊ စီးပွားရေးနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းအသီးသီး၏ အကောင်အထည်ဖော်မှု အခြေအနေများကို တင်ပြကြပြီး ၂၀၁၄ ခုနှစ်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင် ပြင်ဆင်မှု အခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

**အမှာစကားပြောကြား**

အစည်းအဝေး ဒုတိယပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က အဖွင့် အမှာစကားပြောကြား၍ မြန်မာနိုင်ငံတွင် ခေတ္တ အလည်အပတ်ရောက်ရှိနေသည့် အာဆီယံ အတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်က မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌ တာဝန်ယူရေး နှင့်ပတ်သက်၍ ဖြစ်ပေါ်လာနိုင်သည့် အခွင့်အလမ်းများ၊ စိန်ခေါ်မှုများနှင့်ပတ်သက်၍ ဆွေးနွေး ခဲ့ပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ဖြေကြားသည်။ (သတင်းစဉ်)

## အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်များ ထုတ်ပြန်ကြေညာ ပရီမီယာလိဂ်ကလပ် ဆန်းဒါးလန်းနှင့် အဲဗာတန်တို့ ထိပ်တိုက်တွေ့ဆုံ

**လန်ဒန် ဖေဖော်ဝါရီ ၂၁**

အက်ဖ်အေဖလား ကွာတားဖိုင် နယ်ပွဲစဉ်များ ထုတ်ပြန်ကြေညာခဲ့ရာ ပရီမီယာလိဂ်ကလပ်များ ဖြစ်သည့် ဆန်းဒါးလန်းနှင့် အဲဗာတန်အသင်းတို့ ထိပ်တိုက် တွေ့ဆုံနေပြီး လီဗာပူးအသင်းမှာ စတုတ်စီးတီး အသင်းနှင့်ရင်ဆိုင်ရမည်ဖြစ်သည်။ ထို့ပြင် အနိုင်အရှုံး အဖြေမပေါ်ခဲ့သည့် စတီဗန်နေ့အသင်းနှင့် စပါး အသင်းတို့အနက် နောက်တစ်ကြိမ် ယှဉ်ပြိုင်မှုတွင် အနိုင်ရရှိခဲ့သည့် အသင်းသည် ဘော်လ်တန်အသင်း နှင့်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ယင်းအပြင် သရေကျခဲ့သည့် ချယ်လ်ဆီးအသင်းနှင့် ဘာမင်ဂမ်အသင်းတို့ အနက် ထပ်မံအနိုင်ယူနိုင်မည့်အသင်းမှာ လစ္စတာ စီးတီးအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အက်ဖ်အေ ဖလား ကွာတားဖိုင်နယ် ပွဲစဉ်များကို မတ် ၁၈ ရက်နှင့် ၁၉ ရက်တွင် ယှဉ်ပြိုင်ကစားစေမည် ဖြစ်သည်။

**အက်ဖ်အေဖလား ကွာတားဖိုင်နယ် ပွဲစဉ်များ**

| | | |
|---|---|---|
| လီဗာပူး | နှင့် | စတုတ်စီးတီး |
| ချယ်လ်ဆီး/ဘာမင်ဂမ် | နှင့် | လစ္စတာစီးတီး |
| စတီဗန်နေ့/စပါး | နှင့် | ဘော်လ်တန် |
| အဲဗာတန် | နှင့် | ဆန်းဒါးလန်း |

*နိုင်ငံတကာအားကစား* ဟိန်းထက်လင်း

## ဘာစီလိုနာနည်းပြ ဂွါဒီယိုလာအား အသင်းနှင့်စာချုပ်သစ်ချုပ်ဆိုရန် မက်ဆီတိုက်တွန်း

**ဘာစီလိုနာ ဖေဖော်ဝါရီ ၂၁**

ဘာစီလိုနာကြယ်ပွင့် လီယွန်နယ် မက်ဆီက နည်းပြ ဂွါဒီယိုလာအား အသင်းနှင့်စာချုပ်သစ်ထပ်မံချုပ်ဆိုရန် တိုက်တွန်းပြောကြားခဲ့သည်။

ဘာစီလိုနာအသင်းနှင့် နည်းပြ ဂွါဒီယိုလာတို့ ချုပ်ဆို

ထားသည့် စာချုပ်မှာ ယခုနှစ် ဘောလုံးရာသီ ပြီးဆုံး ချိန်တွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ပြီး စာချုပ် သစ်ချုပ်ဆိုမှုမှာလည်း ယခုအချိန်အထိ အထမြောက် ခြင်းမရှိသေးသည့်အတွက်ဘာစီလိုနာအသင်း၏ အဓိက တိုက်စစ်မှူး မက်ဆီက ယင်းကဲ့သို့ တိုက်တွန်း ပြော ကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင်မက်ဆီက ဂွါဒီယိုလာမှာ ကမ္ဘာ့အကောင်းဆုံး နည်းပြတစ်ဦးဖြစ်ကြောင်း၊ မိမိတို့အားလုံး ၎င်းကို အသင်းတွင် ဆက်လက်ရှိစေလိုကြောင်း၊ ၎င်းနှင့်အတူ လက်တွဲ၍ ဘာစီလိုနာအသင်းကို အကောင်းဆုံး အသင်းတစ်သင်းဖြစ်အောင် စွမ်းဆောင်ပြီး အောင်မြင် မှုထပ်မံရယူလိုကြောင်း ပြောကြားခဲ့သည်။

ဂွါဒီယိုလာသည် ၂၀၀၈ ခုနှစ် အတွင်းက ဘာစီ လိုနာ အသင်းကို စတင်ကိုင်တွယ်ခဲ့ပြီး ဆုဖလား ၁၃ ခု ရယူပေးထားသည်။ ***အင်တာနက်။***

*အင်တာနက် ဆေးသိပ္ပံသတင်း* ဘာသာပြန်-သတင်းလုလင်

## ထောပတ်သီး၏ သဘာဝဒြပ်ပေါင်း ဗက်တီးရီးယားပိုးမွှားများကို တိုက်ဖျက်နိုင်

**ကိုပင်ဟေဂင် ဖေဖော်ဝါရီ ၂၁**

ချီလီနိုင်ငံ၏ မုတ်သုံသစ်တောအတွင်း သဘာဝအရ ပေါက်ရောက်သော ထောပတ်သီးသည် ကမ္ဘာတစ်ဝန်းရှိဆေးရုံများ၌ ပဋိဇီဝဆေးဝါး များဖြင့် တိုက်ဖျက်နိုင်စွမ်းမရှိသော ဗက်တီးရီးယားပိုးမွှားများအား တိုက် ဖျက်နိုင်သော အာနိသင်ရှိကြောင်း ဆေးသိပ္ပံပညာရှင်များ၏ လေ့လာ ချက်တစ်ရပ်တွင် ဖော်ပြသည်။

ထောပတ်သီး၌ သဘာဝအလျောက်ပါဝင်သော ဒြပ်ပစ္စည်းသည် စတာဖီလိုကိုစီ (Staphylococci) မျိုးစု၌ ပါဝင်သော ဗက်တီးရီးယား ပိုးမွှားများ၏ ပဋိဇီဝဆေးဝါးခုခံနိုင်စွမ်းကို ချေဖျက်ပေးနိုင်မည်ဖြစ်ကြောင်း ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်တက္ကသိုလ်မှ သုတေသီ ဂျက်စ်ဟော်လာက ပြောကြားသည်။ ၎င်းသည် ချီလီနိုင်ငံရှိ မာပူချီ တိုင်းရင်းသားတို့၏ အကူအညီကိုရယူကာ ထောပတ်သီး၏ စွမ်းပကားကို ရှာဖွေတွေ့ရှိခဲ့သည်။

စတာဖီလိုကိုစီ ဗက်တီးရီယားပိုးမျိုးသည် ဆေးရုံများ၌ ခွဲစိတ်ကုသမှု ခံယူသော လူနာများ၏ ဒဏ်ရာများအား ရောဂါပိုးကူးစက်မှုကို ဖြစ်ပေါ် စေသည့် အဏုဇီဝပိုးမွှားများဖြစ်သည်။ **စာမျက်နှာ ၉ ကော်လံ ၇ သို့** ✿

**သတင်းအညွှန်း**

**ဘောဂသီရိ အဆင့်မြင့် ယာဉ်ပြင် အလုပ်ရုံများဖွင့်**

“မော်တော်ယာဉ်နှင့် ပတ်သက်သည်များ တစ်နေရာတည်း အချိန်ကုန် သက်သာစွာ အဆင့်မီ ဆောင်ရွက်နိုင်သည့် အပြင် စက်ယန္တရားနှင့် စက်တင် တွဲသယ်ယာဉ်များ ငှားရမ်းခြင်းလည်း ဆောင်ရွက်နိုင်”

ပြည်တွင်းသတင်း စာမျက်နှာ ➢ ၅

**ပြင်းထန်သော ရာသီကြောင့် ကလေး ၄၀ နီးပါး သေဆုံး**

နိုင်ငံတကာသတင်း စာမျက်နှာ ➢ ၆

**ကုန်သွယ်မှု မြန်ဆန်လာသည့် မြဝတီ ပြုပြင်ပြောင်းလဲမှုများ လိုအပ်လာပြီ**

ပြည်တွင်းသတင်း စာမျက်နှာ ➢ ၇

**မျဉ်းကျားမကူးလို့ ဒဏ်ရိုက်ခံရ**

ပြည်တွင်းသတင်း စာမျက်နှာ ➢ ၁၀

**သုံးပွင့်ဆိုင် ချစ်ဇာတ်လမ်း**

အနုပညာသတင်း စာမျက်နှာ ➢ ၁၀

## ဖိလစ်ပိုင်ရှိ ဘိုရာကေးကျွန်းကမ်းလွန်၌ လူလုပ်သန္တာကျောက်တန်းများကို ဖန်တီးပြီ

**မနီလာ ဖေဖော်ဝါရီ ၂၁**

ဖိလစ်ပိုင်နိုင်ငံရှိ နာမည်ကျော် ဘိုရာကေး အပန်းဖြေကျွန်း၏ကမ်းလွန်၌ လူလုပ်သန္တာကျောက်တန်းများကို ဖန်တီးပေး ခြင်းဖြင့် ပျက်စီးခဲ့ရသော သဘာဝသန္တာကျောက်တန်းများ၏ အဏ္ဏဝါဂေဟစနစ်များ ပြန်လည်တိုးတက်ကောင်းမွန်လာမည် ဖြစ်ကြောင်း၊ လူလုပ်သန္တာကျောက်တန်းများဖြစ်ပေါ်လာစေရန် အသေးစားပိရမစ်ပုံစံရှိ ကွန်ကရစ်ကျောက်တုံး ထောင်ပေါင်းများစွာ ကို ဘိုရာကေးကျွန်းကမ်းလွန်၌ ချထားလျက်ရှိကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး သိပ္ပံပညာရှင်တစ်ဦးက ပြောကြားသည်။

ဘိုရာကေးကျွန်း၏ ပင်လယ်ကမ်းရိုးတန်းကမ်းလွန်၌ ဖေဖော်ဝါရီ လဆန်းမှစ၍ ပိရမစ်ပုံစံ ကွန်ကရစ်ကျောက်တုံးများကို ချထားလျက်ရှိရာ ယခုအခါ ယင်းကျောက်တုံးအလုံး ၃၀၀ ကျော်ကို လူလုပ်သန္တာ ကျောက် တန်းအဖြစ် ရေအောက်တွင် ဖြန့်ကြက်ထားရှိနိုင်ပြီဖြစ်သည်။

ပင်လယ်ပြင်၏ ကြမ်းပြင်၌ ပိရမစ်ပုံစံ ကွန်ကရစ်ကျောက်တုံးအလုံး ပေါင်း ၅၀၀၀ ခန့်အထိ ဆက်လက်ချသွားမည်ဖြစ်ကြောင်း ဆန်ဂရာ လီကာဆန်(သဘာဝ)အမည်ရှိ **စာမျက်နှာ ၉ ကော်လံ ၆ သို့** ❖

**ဘာသာပြန် - စံစံ**

**ဘိုရာကေးကျွန်း ကမ်းလွန်ရှိ သဘာဝသန္တာ ကျောက်တန်းတစ်ခုကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)**